မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂) အမှတ် (၁၀၂)

၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၀ရက်၊ ကြာသပတေးနေ့။

ထူးခြားသည့် ညအပူချိန်များ

၉-၁-၂၀၁၃

လှိုင်လင်မြို့

၁ ဒီဂရီစင်တီဂရိတ်

ဟားခါးမြို့

၂ ဒီဂရီစင်တီဂရိတ်

နမ့်စန်မြို့

၃ ဒီဂရီစင်တီဂရိတ်

သာယာမည်

၁၀-၁-၂၀၁၃

နေပြည်တော် နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ်နှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr.James Mountain Inhofe ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဦးစိုးသိန်းနှင့် ဦးဝင်းမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စုအထက်လွှတ်တော်အမတ် Mr.James Mountain Inhofe နှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် အာကင်ဆောပြည်နယ် အထက်လွှတ်တော်အမတ် Mr.John Boozman၊ နယူးမက္ကစီကိုပြည်နယ် အောက်လွှတ်တော်အမတ် Mr.Stevan Pearce၊ ဖလော်ရီဒါပြည်နယ် အောက်လွှတ်တော်အမတ် Mr. Vemon Buchanan၊ မင်နီဆိုတာပြည်နယ် အောက်လွှတ်တော်အမတ် Mr.Erik Paulsen နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr.Derek Mitchell တို့လည်း တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr.James Mountain Inhofe ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၁၁/၂၀၁၃

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးတိုးတက်မှုတို့အတွက် အရေးပါသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **“အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ”** နှင့် **“အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ”** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

(၁) **အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ**

(က) နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌ

စာမျက်နှာ ၈ ကော်လံ ၁ ▲

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနှင့် စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၁၂/၂၀၁၃

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနှင့် စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်း

နိုင်ငံတော်၏ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **“အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (National Energy Management Committee)”** နှင့် **“စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Energy Management Committee)”** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

(၁) **အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ**

(က) ဒုတိယသမ္မတ(၂) နာယက

(ခ) ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန ဥက္ကဋ္ဌ

စာမျက်နှာ ၈ ကော်လံ ၅ ◆

မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၁၃/၂၀၁၃

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ရှေးဟောင်းယဉ်ကျေးမှုဇုန် နယ်မြေများသတ်မှတ်၍ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ခြင်းနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် **“မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ”** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

(က) ပြည်ထောင်စုဝန်ကြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန(၁) အဖွဲ့ဝင်

(ဂ) ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန အဖွဲ့ဝင်

စာမျက်နှာ ၈ ကော်လံ ၅ ❖

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူသားစွမ်းရည်ပြည့်ဝရေး ကြိုးစားအားထုတ်

မြန်မာနိုင်ငံသည် ရေခံ မြေခံကောင်းပြီး သဘာဝသယံဇာတ ပေါများသည့် နိုင်ငံဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးတိုးတက်ရန် အတွက် သဘာဝသယံဇာတထက်ပို၍ အရေးကြီးသည်မှာ လူသား စွမ်းရည်ဖြစ်သည်။ လူသားစွမ်းရည်ပြည့်ဝသည့် လူမျိုးဖြစ်ရန် ယနေ့လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်တည်ဆောက်ပေး ကြရမည်ဖြစ်သည်။

ယနေ့အချိန်သည် ပညာခေတ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ထူထောင်ရာတွင် အရည်အချင်းပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များ၊ ပညာတတ် များ ပေါ်ထွန်းရေးအတွက် ဘက်ပေါင်းစုံမှ ပြုစုပျိုးထောင်မွေး ထုတ်ပေးကြမှသာလျှင် နိုင်ငံတကာနှင့်အမီ ရင်ပေါင်တန်းလိုက် နိုင်မည်ဖြစ်သည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်း က" ဆိုသည့်အတိုင်း ကျောင်းသား ကျောင်းသူလေးများကို ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းနှင့်အညီ လေးစားလိုက်နာ ကျင့်ကြံနေထိုင်တတ်သော အခြေခံကောင်း၊ အလေ့အကျင့်ကောင်း များရရှိအောင် လမ်းကြောင်းမှန်ပေါ်သို့ တည့်မတ်ပေးသွားကြရမည် ဖြစ်သည်။

ကျောင်းသား ကျောင်းသူလေးများ၏ ပညာသင်ကြားမှုတွင် ပြည်တွင်းပညာရေးအခွင့်အလမ်းများကိုသာမက နိုင်ငံတကာ အခွင့်အလမ်းများကိုပါ သိရှိရယူနိုင်ရန် ဆောင်ရွက်ပေးကြရမည် ဖြစ်သည်။ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို ပညာရည်ချွန်ဆုများ ချီးမြှင့်ပေးခြင်းသည် နိုင်ငံတော်၏ လူသား စွမ်းရည်မြင့်မားရေးအတွက် တစ်စိတ်တစ်ပိုင်း ပါဝင်ထောက်ကူ ခြင်းဖြစ်သကဲ့သို့ ဆရာ ဆရာမများနှင့် မိဘများကလည်း ကျောင်းသား ကျောင်းသူများ ပညာကို ပိုမိုကြိုးစားဆည်းပူး လေ့လာသင်ယူလိုစိတ်များ ဖြစ်ပေါ်ရန်၊ ပညာရည်မြင့်မားရန် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ကျောင်းများတွင် ကျောင်းသင်ခန်းစာသင်ကြားရုံသာမက စာရိတ္တ၊ ပြည်သူ့နီတိစသည့် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာ နှင့်ကိုက်ညီရန်ကိုလည်း သင်ကြားပြသပေးခြင်းဖြင့် ရိုးရာ ယဉ်ကျေးမှုကို မြတ်နိုးဂုဏ်ယူတတ်သည့် စိတ်ဓာတ်များ ကိန်းအောင်းသွားမည်ဖြစ်သည်။ လူငယ်လေးများ၏ စိတ်ဓာတ် ကြံ့ခိုင်မှု၊ အတွေးအမြင်၊ အမူအကျင့် အလေ့အထကောင်းများ ရရှိရန် ငယ်စဉ်ဘဝကပင် လေ့ကျင့်ပေးသွားကြရမည်ဖြစ် သည်။

ငယ်စဉ်ဘဝမှာ ကျောင်းစည်းကမ်း၊ ကျောင်းပညာများကို လေးစားလိုက်နာသင်ယူပြီး အသိပညာဗဟုသုတများကို များများ ရှာဖွေပါမှ အောင်မြင်မှုလမ်းကြောင်း၏ အခြေခံကို ရရှိမည်ဖြစ် သည်။ ယနေ့အချိန်တွင် သိပ္ပံနှင့်နည်းပညာများ တစ်နေ့တခြား တိုးတက်ပြောင်းလဲလျက်ရှိရာမှာ တိုးတက်မှုကို အမီလိုက်နိုင်ရန် ပညာရေးအဆင့်မြင့်မားရေးအတွက် ကျောင်းသား ကျောင်းသူများ က သာမန်တတ်မြောက်သည်နှင့် ရောင့်ရဲတင်းတိမ်မနေဘဲ ထူးချွန်ထက်မြက်ရန် အစွမ်းကုန်ကြိုးစားကြရမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတိုးတက်လျက်ရှိသည့် သိပ္ပံနှင့်နည်းပညာများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများ၏ အပြန် အလှန်အထောက်အကူပြု တိုးတက်လာမှုကြောင့် နိုင်ငံအသီးသီး၏ လူမှုစီးပွားရေးဘဝတို့သည်လည်း ပြောင်းလဲတိုးတက်လာခဲ့ရာ အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားစွမ်း ရည်ပြည့်ဝသည့် လူမျိုးဖြစ်ရန် ယနေ့လူငယ်လူရွယ်များက အားသွန်ခွန်စိုက် ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ပါ ကြောင်း။ ။

ပြည်တွင်းသတင်း

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများရွေးချယ်ရေး စာမေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော်ပျဉ်းမနား အမှတ်(၃) အခြေခံပညာ အထက် တန်းကျောင်း၌ ကျင်းပလျက်ရှိသော ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ရွေးချယ်ရေးစာမေးပွဲလုပ်ငန်း ဆောင်ရွက်နေမှုများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူသည် ယမန်နေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှု စစ်ဆေး၍ တာဝန်ရှိသူများအား စာမေးပွဲလုပ်ငန်းဖြစ်သောကြောင့် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ခရိုင်အဆင့် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ရွေးချယ်ရေးစာမေးပွဲဖြေဆိုခန်းသို့ သွားရောက်၍ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်များမှ မြို့နယ် အဆင့် ရွေးချယ်ထားသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူများ၏ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။ **(ယာပုံ)**

၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ အဋ္ဌမတန်း၊ နဝမ တန်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူများထဲမှ ဘက်စုံ ပညာထူးချွန် ကျောင်းသား ကျောင်းသူများ ရွေးချယ်မည်ဖြစ်ရာ ခရိုင်အဆင့် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ရွေးချယ်ရေးစာမေးပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ ခရိုင်အသီးသီးတို့၌ ဇန်နဝါရီ ၇ ရက်တွင် မြန်မာစာနှင့် အင်္ဂလိပ်စာ၊ ဇန်နဝါရီ ၈ ရက်တွင် အထွေထွေဗဟုသုတနှင့် လူတွေ့နှုတ်ဖြေ၊ ဇန်နဝါရီ ၉ ရက်တွင် ကိုယ်လက်ကြံ့ခိုင်ရေးနှင့် ယုံကြည်မှုတို့ကို စစ်ဆေး မည်ဖြစ်ပြီး ယခုစာမေးပွဲသို့ မြို့နယ်အဆင့် ရွေးချယ်ထားသူများ ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ နေပြည်တော် ပျဉ်းမနား အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ၏ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှု အားပေးစဉ်။

တရားရုံးသစ်တည်ဆောက်မည့် မြေနေရာကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၉

မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၏ ညွှန်ကြားချက်အရ မွန် ပြည်နယ် တရားရေးဦးစီးမှူး ဦးဝင်းဌေးသည် ရေးမြို့နယ်တရားရုံးဆောက်လုပ်မည့် မြေနေရာကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် သွားရောက်ကြည့်ရှုပြီး မော်လမြိုင် ခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဦးညိုထွန်းက ရေးမြို့နယ်တရားရုံး၏ ရုံးလုပ်ငန်းဆိုင်ရာများကို စစ်ဆေးခဲ့သည်။ (သတင်းစဉ်)

မြစ်ကြီးနား၌ စာပေဟောပြောပွဲကျင်းပမည်

မြစ်ကြီးနား ဇန်နဝါရီ ၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြင့်မိုရ်မင်္ဂလာအလှူရှင်များအဖွဲ့က ကြီးမှူး၍ ပထမအကြိမ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနား မြို့ ယုဇနရပ်ကွက်ရှိ ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်း၌ ကျင်းပမည် ဖြစ်ရာ စာရေးဆရာနေဝင်းမြင့်၊ ပန်းဒကာကိုတင်မြင့်၊ ညီပုလေးနှင့်ကျော်ရင်မြင့်တို့က သုတ ရသ စာပေရေးရာများ ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ (ဝ၆၂)

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့ အထကကျောင်းရှေ့ဘောလုံး ကွင်းရှိ လွတ်လပ်ရေးကျောက်တိုင် ချုံပုတ်များဖုံးလွှမ်းကာ ပျောက်ကွယ်တော့ မည်ကို ဇန်နဝါရီ ၅ ရက်က တွေ့ရ စဉ်။ နိုင်နိုင်ထွန်း(ကျုံဒိုး)

ထင်သာမြင်သာ ပြုပြင်စရာ

စာသင်ကျောင်းများရှိ ရေအိမ်လေးများ သန့်ရှင်းစေချင်

ယနေ့ ကလေးငယ်များသည် အနာဂတ် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြမည့် သားကောင်း သမီး ကောင်းရတနာများဖြစ်ကြပေသည်။ သား ကောင်း သမီးကောင်းရတနာများ စာရိတ္တ ကောင်းမွန်ရေး၊ ယဉ်ကျေးသိမ်မွေ့လာစေ ရေး စာသင်ကျောင်းများက ပြုလုပ်ပေး နိုင်သကဲ့သို့ မိခင်ဖခင်များကလည်း စံပြ အနေဖြင့်ဆုံးမမှုသာလျှင် စာရိတ္တကောင်း မွန်သည့် လူလိမ္မာ၊ လူယဉ်ကျေး၊ လူတော် လူကောင်းများ ဖြစ်လာမည်ဖြစ်သည်။ လူတော်လူကောင်းများအတွက် ကျန်းမာ ကြံ့ခိုင်ရေးသည်လည်း အရေးကြီးပါ သည်။ ကျန်းမာကြံ့ခိုင်ရေးအတွက် တစ် ကိုယ်ရေသန့်ရှင်းမှုသာမက ရေအိမ် (အိမ်သာ) သန့်ရှင်းမှုသည်လည်း မရှိ မဖြစ်လိုအပ်ချက် တစ်ခုဖြစ်သည်။

အချို့သော စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအတွက် ရေအိမ်(အိမ်သာ)က သန့်ရှင်းမှုလည်းမရှိ သုံးစရာရေလည်း မရှိသောကြောင့် ကလေးငယ်များသည် ဆီးမသွား၊ ဝမ်း မသွားဘဲနေကြရပေသည်။ သွားသည့် အခါတွင်လည်း မသန့်ရှင်းသောကြောင့် ယားနာများ ပေါက်ကြပါသည်။ စာရေး သူ၏ သမီးလေးသည်လည်း ယားနာများ ပေါက်သဖြင့် ဆေးကုသခဲ့ရပါသည်။

စာရေးသူ၏ မိတ်ဆွေများ၏ သားသမီးများနေသည့် ကျောင်းတွင် လည်း ရေအိမ်မသန့်ရှင်းသဖြင့် ယားနာ တွေပေါက်ကြသည်ဆိုသည်ကို သိရှိခဲ့ရ သည်။ မိဘတိုင်းက မိမိသားသမီးများကို ကျန်းမာကြံ့ခိုင်စေချင်ကြသည်။ ထို့ကြောင့် စာသင်ကျောင်းရှိ ရေအိမ်(အိမ်သာ)များ သန့်ရှင်းမှုအတွက် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘ များ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ အခြားအခကြေးငွေကို ကျောင်းများမှာ မကောက်ခံရသော်လည်း ရေအိမ် (အိမ်သာ) သန့်ရှင်းရေးဆောင်ရွက်ရန် ကုန်ကျစရိတ်အတွက် သင့်တင့်သောနှုန်း ထားဖြင့် ကောက်ခံမည်ဆိုလျှင် မည် သည့် မိဘမဆို မိမိသားသမီး ကျန်းမာ ကြံ့ခိုင်ရေးအတွက် ထည့်ဝင်ကြမည်ဖြစ်ပါ ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ခင်အေးကြူ(ရွှေသန်လျင်)

စာပေမြင့်မှ လူမျိုးတင့်မည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ လာအို – မြန်မာချစ်ကြည်ရေးတံတား အမြန်ပြီးစီးအောင်တည်ဆောက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့်ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Sommad Pholsena ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးကျော်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E.Mr. Nilahath Sayarath လည်း တက်ရောက်သည်။

ရင်းနှီးစွာဆွေးနွေး

တွေ့ဆုံပွဲ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးမည့် လာအို-မြန်မာ ချစ်ကြည်ရေးတံတားကို အမြန်ပြီးစီးအောင် တည်ဆောက်ရေးနှင့် အဆိုပါချစ်ကြည်ရေးတံတားမှတစ်ဆင့် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ သွားရောက်နိုင်မည့် မော်တော်ကားလမ်းအား အဆင့်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Sommad Pholsena ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
အမိန့်ကြော်ငြာစာ
(အမှတ်၊ ၆/၂၀၁၃)
၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၄၊ ပုဒ်ခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ **"နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ"** အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်အား တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ
ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

❒ ရှေ့ဖုံးမှ

တွေ့ဆုံပွဲ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှု သဘောတူစာချုပ်များနှင့် အခြားကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်မှုကော်မတီများ ဖွဲ့စည်း၍ ဆောင် ရွက်သွားရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာပြည်သူများ၏ လူမှုဘဝမြှင့်တင်နိုင်ရေး၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများ ရှာဖွေဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့တပ်မတော်မှ အရာရှိငယ်များအား သင်တန်းများပို့ချ၍ လေ့ကျင့်သင်ကြားပေးရေးနှင့် ရေရှည်တည်တံ့သော ချစ်ကြည်ရင်းနှီးမှု တည်ထောင်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးချစ်ခင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၂/၂၀၁၃)
၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၂-၄-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၂/၂၀၁၂)နှင့် ၁၆-၁၀-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၁/၂၀၁၂) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၂၂၄၀၃ ဒုတိယဗိုလ်မှူးကြီးသိန်းငွေ	(အစား)	ကြည်း ၂၄၉၁၂ ဒုတိယဗိုလ်မှူးကြီးမိုးကျော်ဦး
(၂)	ကြည်း ၂၂၃၉၀ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်ငွေ	(အစား)	ကြည်း ၂၁၃၃၈ ဒုတိယဗိုလ်မှူးကြီးဇော်ဇော်မြင့်
(၃)	ကြည်း ၂၆၇၂၀ ဒုတိယဗိုလ်မှူးကြီးမျိုးမင်း	(အစား)	ကြည်း ၂၃၉၅၅ ဒုတိယဗိုလ်မှူးကြီးမြတ်ကို

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ အအေးပိုမည်

နေပြည်တော် ဇန်နဝါရီ ၉

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ပဲခူးတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ် ဆိုနာမူ(SONAMU)သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၏ အရှေ့တောင်ဘက်မိုင် ၅၁၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အရှေ့တောင်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွေ့လျားသွားမည်ဟု ခန့်မှန်းရသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် အအေးပိုလာမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

"ဘ" အက္ခရာယာဉ်များ မကြာမီလက်ခံဆောင်ရွက်မည်

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်အစိုးရသည် ယာဉ်အိုယာဉ်ဟောင်းများဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်းစီမံချက်ကို (၁၁-၉-၂၀၁၁) ရက်မှ စတင်၍ နိုင်ငံပိုင်သတင်းစာများ၌ သတင်းထုတ်ပြန် ကြေညာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပထမအဆင့်(၁၉-၉-၂၀၁၁)ရက်တွင် မှတ်ပုံတင်သက်တမ်းအနှစ် ၄၀ ကျော် စ၊ ဆ၊ ဇ အက္ခရာများ၊ ဒုတိယအဆင့် ၈-၁၁-၂၀၁၁ ရက်တွင် အနှစ် ၃၀ ကျော်မှ အနှစ် ၄၀ ကျော်အတွင်း ဈ၊ ည အက္ခရာများ၊ တတိယအဆင့် (၂-၁-၂၀၁၂)ရက်တွင် အနှစ် ၂၀ ကျော်မှ အနှစ် ၃၀ ကျော်အတွင်း ဏ၊ထ၊ဒ၊ဓ၊န၊ပ၊ဗ၊ အက္ခရာယာဉ်များကိုစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ၁-၁-၂၀၁၃ ရက်အထိ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှု စီးရေ ၇၀၉၉၉ စီးဖြစ်၍ ဆောင်ရွက်ပြီးစီးမှုမှာ ၈၅ ဒသမ ၂၃ ရာခိုင်နှုန်းဖြစ်သည်။ ထို့အပြင် လေလံပြန်လည်မှတ်ပုံတင်ယာဉ်များဖြစ်သည့် Mazda အုပ်စုဝင်ယာဉ်များအားလုံးကို ၁၂-၇-၂၀၁၂ ရက်မှစ၍ လည်းကောင်း၊ ကျန်လေလံပြန်လည်မှတ်ပုံတင်ယာဉ်များကို ၁၆-၁၁-၂၀၁၂ ရက်မှစ၍လည်းကောင်းစီမံချက်တွင် ထည့်သွင်းအပ်နှံဆောင်ရွက်ပေးလျက်ရှိရာ ၃၉၇၂ စီး ဆောင်ရွက်ပြီးဖြစ်သည်။

ယာဉ်အိုယာဉ်ဟောင်း အပ်နှံဖျက်သိမ်း၍အစားထိုးတင်သွင်းခြင်းတွင် "ဘ" အက္ခရာယာဉ်များအပ်နှံခြင်းကို (၁၁-၁-၂၀၁၃)ရက်မှစတင်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၌ လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျန်းမာရေးသုတေသနစာတမ်းဖတ်ပွဲတတိယနေ့ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

(၄၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေး သုတေသနစာတမ်းဖတ်ပွဲ တတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)အစည်းအဝေးခန်းမ(၁)နှင့်(၂)တို့၌ဆက်လက်ကျင်းပရာ စာတမ်းရှင်များက စာတမ်းများကို ဖတ်ကြားကြပြီး သိရှိလိုသည့် မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပညာရပ်ဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲကိုကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

အမေရိကန်နိုင်ငံ၌ အပူဆုံးစံချိန်တင်ခဲ့

နယူးယောက် ဇန်နဝါရီ ၉

အမေရိကန်နိုင်ငံ၏ ပြည်နယ်ပေါင်း ၄၈ ပြည်နယ်ခန့်သည် ၂၀၁၂ ခုနှစ်အတွင်း မှတ်တမ်းများအရ အပူချိန်မြင့်မားမှု စံချိန်သစ်တင်ခဲ့ကြောင်း နိုင်ငံပိုင်မိုးလေဝသဌာနမှ စိစစ်မှတ်တမ်းရေးအရာရှိများက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ ၂၀၁၂ ခုနှစ်အတွင်း တစ်နှစ်တာ ပျမ်းမျှအပူချိန်သည် လွန်ခဲ့သည့် ၂၀ ရာစုနှစ်များ၏ ပျမ်းမျှအပူချိန်ကို ကျော်လွန်ကာ ၁၉၉၈ ခုနှစ်၏မှတ်တမ်းတင် အမြင့်မားဆုံးအပူချိန်ထက် ၃ ဒသမ ၂ ဒီဂရီ ဖာရင်ဟိုက်ပိုမိုများပြားခဲ့သည်။

၂၀၁၂ ခုနှစ်၏ ပျမ်းမျှအပူချိန်သည် ပြီးခဲ့တဲ့သည့်နှစ်များထက်ပိုပြီး စံချိန်တင်ပူပြင်းခဲ့သည်။ မှတ်တမ်းအရ ၁၉၉၈ ခုနှစ်သည် ၆၄ နှစ်တာကာလအတွင်း အပူဆုံးနှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း၊ ယင်းစံချိန်ကို ၂၀၁၂ ခုနှစ်ရဲ့ အပူချိန်က စံချိန်ချိုးလိုက်ခြင်းဖြစ်ကြောင်း အဏ္ဏဝါနှင့်ကမ္ဘာ့လေထုစီမံခန့်ခွဲရေးအဖွဲ့ (အင်န်အိုအေအေ)၏ နိုင်ငံတွင်း ရာသီဥတုအချက်အလက်ထုတ်ပြန်ရေး ဗဟိုဌာနမှ ဇန်နဝါရီ ၈ ရက်က ပြောကြားခဲ့သည်။

ရာသီဥတုက ပူသည့်ဘက်ကို ကူးပြောင်းနေပြီဆိုသည်ကို သံသယမရှိလောက်အောင်ဖြစ်ကြောင်း အစိုးရအဖွဲ့ သုတေသနပညာရှင်များက ဆိုသည်။

NAOO ၏ မှတ်တမ်းများက ရာသီဥတုပြောင်းလဲမှုကို ပြုပြင်တားဆီးရန် စတင်သင့်နေပြီဟု သတိပေးနေသကဲ့သို့ဖြစ်ကြောင်း၊ သမ္မတကြီးကိုယ်တိုင်က အလုပ်ရုံ၊ စက်ရုံများနှင့်ပတ်သက်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု ထိန်းချုပ်ကန့်သတ်ရန်အတွက် ဦးဆောင်ပါဝင်တော့မည်မှာ သတင်းကောင်းတစ်ခုဖြစ်ကြောင်း သဘာဝအရင်းအမြစ်ထိန်းသိမ်းကာကွယ်ရေးကောင်စီ၏ရာသီဥတုနှင့် လေထုသန့်ရှင်းရေးအစီအစဉ်မှ ဒါရိုက်တာ ဒင်နီရယ်လာ့စ်ရှော့ဖ်က ပြောကြားသည်။ **(ရိုက်တာ)**

ဂျိုဟန်နစ္စဘတ်၌ ရထားလမ်းချော်

ဂျိုဟန်နစ္စဘတ် ဇန်နဝါရီ ၉

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ အနောက်ဘက် ဆိုဝီတိုမြို့တွင် ဇန်နဝါရီ ၈ ရက်က ခရီးသည်တင်ရထားတစ်စင်း လမ်းချော်မှုကြောင့် ခရီးသည် ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ အဆိုပါ ခရီးသည်ရှစ်ဦးသည် ရထားမီးလောင်မှုဖြစ်ပွားသည်ဟုထင်ပြီး မီးခိုးများကို မြင်တွေ့ခဲ့ပြီးနောက် ရထားပေါ်မှ ခုန်ချခဲ့ခြင်းဖြစ်ကြောင်း ဂျိုဟန်နစ္စဘတ်အရေးပေါ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရောဘတ်မူလော့ဒီက ပြောကြားသည်။ ဒဏ်ရာရရှိသူများအနက် တစ်ဦးမှာ ဒဏ်ရာပြင်းထန်ပြီး အခြားခုနစ်ဦးမှာ အနည်းငယ်သာဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဖြစ်ပွားရသည့်အကြောင်းအရင်းကို မသိရသေးဟု ဆိုသည်။ **(ဆင်ဟွာ)**

အီရန်နိုင်ငံက လေယာဉ်အမျိုးအစားသုံးမျိုးထုတ်လုပ်မည်

တီဟီရန် ဇန်နဝါရီ ၉

အီရန်နိုင်ငံသည် လာမည့် ၂၀၂၆ ခုနှစ်တွင် ၎င်း၏ပြည်တွင်းဖြစ် ခရီးသည်တင်လေယာဉ်ပုံစံသုံးမျိုးကို ထုတ်လုပ်သွားရန် စီစဉ်ထားကြောင်း အီရန်လေယာဉ်ထုတ်လုပ်ရေးအရာရှိတစ်ဦးက ပြောကြားခဲ့ကြောင်း ဇန်နဝါရီ ၉ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

ထုတ်ပြန်

အီရန်နိုင်ငံအနေဖြင့် ၎င်း၏လေကြောင်းပို့ဆောင်ရေးလိုအပ်ချက်များ တိုးမြင့်လာမှုကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းမှုအနေဖြင့် ခရီးသည် ၈၀၊ ၁၀၀ နှင့် ၁၅၀ ဦးအား တင်ဆောင်နိုင်သည့် လေယာဉ်များကို ပြည်တွင်း၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း အီရန်လေယာဉ်ထုတ်လုပ်ရေးအဖွဲ့ခေါင်းဆောင် ဟာမစ်ရီဇာဖာလီဗန်နီက ဇန်နဝါရီ ၈ ရက်တွင် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ဖားစ်သတင်းဌာနမှ ထုတ်ပြန်သည်။

လောလောဆယ်တွင် အီရန်နိုင်ငံသည် ခရီးသည် ၅၂ ဦးအား တင်ဆောင်နိုင်သည့် အင်န်တိုနော့ဗ် An-140 ခရီးသည်တင်လေယာဉ်ကို ထုတ်လုပ်လျက်ရှိရာတွင် ယူကရိန်း၊ ရုရှားတို့နှင့် ပူးပေါင်းကာ လုပ်ဆောင်နေခြင်းဖြစ်သည်။

၂၀၀၀ ခုနှစ်တွင် ယူကရိန်းနိုင်ငံမှ An-140 လေယာဉ်ထုတ်လုပ်မှုလိုင်စင်ကို ဝယ်ယူခဲ့ပြီးနောက် အီရန်က ယင်းခရီးသည်တင်လေယာဉ်ကို ၂၀၀၃ ခုနှစ်တွင် ပထမဆုံးတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

ကွန်ဂိုနိုင်ငံမှ အမ်-၂၃ အကြမ်းဖက်သမားများ အပစ်အခတ်ရပ်စဲရေး စတင်ကြေညာ

ကင်ရှာဆာ ဇန်နဝါရီ ၉

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အစိုးရနှင့် ဒုတိယအကြိမ်ငြိမ်းချမ်းရေးဆွေးနွေးပွဲမတိုင်မီ အမ်-၂၃ အကြမ်းဖက်သမားများဘက်က အပစ်အခတ်ရပ်စဲရေး စတင်ကြေညာခဲ့ကြောင်း ဇန်နဝါရီ ၈ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယူဂန္ဓာနိုင်ငံ မြို့တော်ကမ်ပါလာတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်၍ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကို အကြမ်းဖက်သမားများဘက်က စတင်ကြေညာခြင်းဖြစ်ပြီး အစိုးရအနေဖြင့် လက်ခံလိမ့်မည်ဟုလည်း မျှော်လင့်ထားကြောင်း ၎င်းတို့ကဆိုသည်။

ပျက်ပြယ်ခဲ့

နိုင်ငံအရှေ့ပိုင်းတွင်ဖြစ်ပွားနေသည့် ကိုးလကြာ ပုန်ကန်မှုများအဆုံးသတ်ရေး စေ့စပ်ညှိနှိုင်းရန် ပြီးခဲ့သည့်လက အစိုးရနှင့် အမ်-၂၃ အကြမ်းဖက်သမားတို့ ကြိုးပမ်းမှုတစ်ရပ် ပျက်ပြယ်ခဲ့ကြောင်း သိရသည်။

ကွန်ဂိုနိုင်ငံတွင် အကြမ်းဖက်သမားများက အစိုးရကို လက်နက်ကိုင် ပုန်ကန်ခဲ့ကြသည်မှာ ပြီးခဲ့သည့်နှစ် မေလအတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်ကြသည့် ပြည်သူဦးရေ ၈၀၀၀၀၀ ကျော်နေပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မိမိတို့သည် ငြိမ်းချမ်းရေးအတွက် အသင့်ရှိပါကြောင်း၊ အပစ်အခတ်ရပ်စဲရေး မိမိတို့ဘက်က ယနေ့စတင်ကြေညာကြောင်း အမ်-၂၃ အကြမ်းဖက်သမားအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဖရန့်ဆွာဂုကိုရိုလာက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအပေါ် အစိုးရက ငြင်းပယ်ခဲ့လျှင်လည်း စေ့စပ်ညှိနှိုင်းရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဟု ၎င်းကပင် ဆက်လက်ပြောကြားသည်။

စွပ်စွဲထား

စစ်တပ်အတွင်း အကြမ်းဖက်သမားများကို ပေါင်းစပ်ဖွဲ့စည်းပေးမည်ဟူသော အစောပိုင်းသဘောတူညီချက်ကို သမ္မတ ဂျိုးဆက်ကာဘယ်လာ အစိုးရဘက်က ကတိတည်ရန် ဆုတ်ဆိုင်းနေကြောင်း အမ်-၂၃ အကြမ်းဖက်သမားတို့က စွပ်စွဲထားသည်။

ပြီးခဲ့သည့်နှစ် နှစ်ကုန်ပိုင်းများတွင် အကြမ်းဖက်သမားတို့ အင်အားပိုကြီးထွားခဲ့ပြီး ဒေသရှိ အဓိကမြို့ ဂိုမာကို နိုဝင်ဘာလအတွင်း စီးနင်းသိမ်းပိုက်နိုင်ခဲ့သော်လည်း နိုင်ငံတကာမှ ဖိအားပေးမှုများကြောင့် ပြန်လည်လက်လွှဲပေးအပ်ခဲ့သည်။ **(ဘီဘီစီ)**

ကမ္ဘောဒီးယားရွေးကောက်ပွဲ ဟွန်ဆင် ပြန်လည်အရွေးခံမည်

ဖနောင်ပင် ဇန်နဝါရီ ၉

ကမ္ဘောဒီးယားနိုင်ငံ၌ လာမည့် ဇူလိုင် ၂၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် လက်ရှိအာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီ(စီပီပီ)၏ ဝန်ကြီးချုပ်ကိုယ်စားလှယ်လောင်းအဖြစ် ဝန်ကြီးချုပ်ဟွန်ဆင်ကိုပင် ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း စီပီပီပါတီက ဇန်နဝါရီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မိမိတို့ပါတီသည် လာမည့်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ရာထူးအတွက် ကိုယ်စားလှယ်လောင်းအဖြစ် ဝန်ကြီးချုပ်ဟွန်ဆင်ကိုပင် ထောက်ခံသွားမည်ဖြစ်ကြောင်း စီပီပီပါတီညီလာခံ၌ သဘာပတိ ဟန်ဆမ်ရင်က ထုတ်ဖော်ပြောကြားသည်။ မစ္စတာဟွန်ဆင်သည် ကမ္ဘောဒီးယားနိုင်ငံ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်သူဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ လက်ရှိဝန်ကြီးချုပ် ဟွန်ဆင်သည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း တိုးတက်ဖွံ့ဖြိုးလာစေရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ဝန်ကြီးချုပ် ဟွန်ဆင် ဦးဆောင်သော အစိုးရ၏ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကြောင့် နိုင်ငံရေးတည်ငြိမ်မှု၊ ငွေကြေးတည်ငြိမ်မှု၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ထူထောင်အောင်မြင်မှုများကို ပြုလုပ်နိုင်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၂ ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ အဝတ်အထည်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။ **(ဆင်ဟွာ)**

ဆီးရီးယားတပ်ဖွဲ့က စစ်သွေးကြွများအား သုတ်သင်

ဒမတ်စကတ် ဇန်နဝါရီ ၉

ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များနှင့် ပြည်ပကျောထောက်နောက်ခံပြုနေသော လက်နက်ကိုင်အုပ်စုများအကြား တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်း အီလစ်ပြည်နယ်တိုက်ပွဲများအတွင်း ဆီးရီးယားတပ်ဖွဲ့က စစ်သွေးကြွအရေအတွက်အများအပြားကို သတ်ဖြတ်ခဲ့ကြောင်း ဇန်နဝါရီ ၈ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အီလစ်ပြည်နယ် အယ်လ်မာစတော့မတ်ချ်မြို့တွင် ဇန်နဝါရီ ၇ ရက်က အဆိုပါတိုက်ပွဲဖြစ်ပွားစဉ်အတွင်း စစ်သွေးကြွအများအပြားသေဆုံးခဲ့ကြောင်း ဆာနာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ဆီးရီးယားတပ်ဖွဲ့ဝင်များသည် စစ်သွေးကြွများ ပုန်းအောင်းသည့်နေရာမှ လက်နက်များကိုလည်း သိမ်းယူပြီး ဖျက်ဆီးခဲ့သည်ဟုဆိုသည်။ အီလစ်ပြည်နယ်အနီးဝန်းကျင်ရှိ တတ်ဖ်တာနက်ဇ်၊ တာအိုယန်နှင့် ဘင်းနစ်ရှ်စသော မြို့များတွင်လည်း တိုက်ပွဲများဖြစ်ပွားမှုကြောင့် အစိုးရတပ်ဖွဲ့ဝင်များအပါအဝင် လက်နက်ကိုင်တပ်ဖွဲ့ဝင်အများအပြား သေဆုံးမှုနှင့် ဒဏ်ရာရမှုများရှိခဲ့သည်။

ယင်းနေ့တွင်ပင် ဆီးရီးယားလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒမတ်စကတ်မြို့အပြင်ဘက်တွင် စစ်သွေးကြွများအား တိုက်ခိုက်ခဲ့မှုကြောင့် ယင်းစစ်သွေးကြွလက်နက်ကိုင်သမားအချို့ သေဆုံးခဲ့သည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

ဆီးရီးယားရှိ လက်နက်ကိုင်အဖွဲ့ဝင်များ။

တင်မောင်လွင်-စုစည်းသည်

ပြည်တွင်းသတင်း

ဗိုလ်ချုပ်ကြီးလှဌေးဝင်း ဩစတြေးလျနိုင်ငံကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၉

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းသည် ဩစတြေးလျနိုင်ငံ အမျိုးသားလေ့လာသုံးသပ်ရေးဌာန (ONA)၊ အရှေ့တောင်အာရှဒေသဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးချုပ် Dr.Jim Hagan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဇေယျာသီရိဗိမာန်ရှိ ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီးDr.Jim Hagan နှင့်အတူ အကြီးတန်းလေ့လာဆန်းစစ်သူ Dr.Carolyn Bull၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး Ms.Bronte Nadine Moules တို့ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် မြန်မာ့တပ်မတော်အနေဖြင့် ပါဝင်ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး တွေ့ဆုံပွဲအပြီးတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံ၌ မြှုပ်နှံထားသော ဗြိတိသျှတိုက်လေယာဉ် ၁၈ စင်း တူးဖော်မှုလုပ်ငန်းစတင်

ရန်ကုန် ဇန်နဝါရီ ၉

ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံအတွင်း မြှုပ်နှံထားခဲ့သော ဗြိတိသျှလေတပ်ပိုင် စပစ်ဖိုင်းယား (Spitfire) တိုက်လေယာဉ်များ နှစ်နိုင်ငံသဘောတူစာချုပ်အရ ပြန်လည်တူးဖော်ရှာဖွေလျက်ရှိရာ ယခုအခါ တိုက်လေယာဉ် ၁၈ စင်း တူးဖော်မှုစတင်နေပြီဖြစ်ကြောင်း တူးဖော်မှုတွင်အဓိကဆောင်ရွက်နေသည့် ရွှေတောင်ပေါ်အုပ်စု ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးထူးထူးဇော်က ရန်ကုန်မြို့ ပတ်ရှိုင်ရယ်ဟိုတယ်၌ ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

မြစ်ကြီးနားတွင် ရွှေတောင်ပေါ်ကုမ္ပဏီမှ စပစ်ဖိုင်းယားတိုက်လေယာဉ် ရှာဖွေရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

မေး ။ ကျွန်တော်တို့ ဒီတိုက်လေယာဉ်တွေ ပြန်လည်တူးဖော်မှုအတွက် သဘောတူစာချုပ် ချုပ်ဆိုခဲ့မှုကို သိလိုပါတယ် ခင်ဗျာ။

ဖြေ ။ ဟုတ်ကဲ့ ကျွန်တော်တို့ရွှေတောင်ပေါ်ကုမ္ပဏီနဲ့ ဒီလေယာဉ်တွေ တူးဖော်မှုနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့ နိုဝင်ဘာ ၁၆ ရက်က နှစ်နိုင်ငံသဘောတူစာချုပ်အရ တူးဖော်မှုကို မြစ်ကြီးနားမှာ လွန်ခဲ့တဲ့ ဒီဇင်ဘာ ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ပါတယ်။

မေး ။ မြစ်ကြီးနားမှာ လေယာဉ် ဘယ်နှစင်းလောက် တွေ့ရှိထားပါသလဲ ခင်ဗျာ။

ဖြေ ။ မြစ်ကြီးနား လေယာဉ်စခန်းအနီး လေယာဉ်ကိုးစင်းစီရှိတဲ့ နေရာနှစ်နေရာမှာ တူးဖော်လျက်ရှိပါတယ်။ မြစ်ကြီးနားမှာ လေယာဉ် ၁၈ စင်းတူးဖော်ရရှိမယ့် အချက်အလက်တွေ ရရှိထားပြီဖြစ်ပါတယ်။ ပေအနက် ၃၀ အောက်မှာ ဒီလေယာဉ် အစိတ်အပိုင်းတွေကို သေတ္တာတွေနဲ့ မြှုပ်နှံထားတာဖြစ်ပါတယ်။ တူးဖော်တဲ့နေရာမှ ရေတွေကြောင့် အနည်းငယ် အခက်အခဲတွေ့ရပါတယ်။ ဒါပေမယ့် အောင်မြင်အောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး ။ ဒီတိုက်လေယာဉ်တွေကို မြစ်ကြီးနားအပြင် အခြားနေရာတွေမှာရော တူးဖော်လျက်ရှိပါသလား ခင်ဗျာ။

ဖြေ ။ ဟုတ်ကဲ့၊ ဒီတိုက်လေယာဉ်တွေကို မြစ်ကြီးနားအပြင် မင်္ဂလာဒုံလေဆိပ်နဲ့ မိတ္ထီလာမှာ ဆက်လက်တူးဖော်သွားမှာဖြစ်ပါတယ်။ မင်္ဂလာဒုံလေဆိပ်မှာတော့ ဇန်နဝါရီ ၈ ရက်ကစပြီး ရှာဖွေတိုင်းတာမှုပြုလုပ်နေပါတယ်။ မင်္ဂလာဒုံမှာ

တွေ့ဆုံမေးမြန်း - မြင့်မောင်စိုး
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

လေယာဉ် ၃၅ စင်း တူးဖော်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ မိတ္ထီလာကတော့ မြစ်ကြီးနားနဲ့ မင်္ဂလာဒုံ တူးဖော်မှုပြီးရင် ဆက်လက် ပြုလုပ်သွားမှာဖြစ်ပါတယ်။ မိတ္ထီလာမှာ စုစုပေါင်း ခြောက်စင်းတူးဖော်နိုင်မယ်လို့ ခန့်မှန်းတွက်ချက်ထားပါတယ်။ စုစုပေါင်း နေရာသုံးနေရာမှာ လေယာဉ်အစင်း ၆၀ ရှာဖွေသွားမှာဖြစ်ပါတယ်။ ဒီလေယာဉ်အစင်း ၆၀ ကို နှစ်သစ်ကူးအပြီး ရှာဖွေတူးဖော်သွားဖို့ စီမံကိန်းဆောင်ရွက်ထားပါတယ်။

မေး ။ ဒီတိုက်လေယာဉ်တွေ တူးဖော်ရရှိမှုနဲ့ပတ်သက်ပြီး အကျိုးခံစားခွင့် ခွဲဝေမှုနဲ့ပတ်သက်ပြီးလည်း သိပါရစေခင်ဗျာ

ဖြေ ။ တူးဖော်ရရှိတဲ့ တိုက်လေယာဉ်တွေကို မြန်မာနိုင်ငံအစိုးရက ၅၀ ရာခိုင်နှုန်း၊ ဗြိတိသျှက ၃၀ ရာခိုင်နှုန်းနဲ့ ရွှေတောင်ပေါ်ကုမ္ပဏီက ၂၀ ရာခိုင်နှုန်း ခွဲဝေမှာ ဖြစ်ပါတယ်။ ခွဲဝေမှုကိုတော့ ပို့ဆောင်ရေးဝန်ကြီးဌာနက ဆောင်ရွက်မှာဖြစ်ပါတယ်။

မေး ။ ဒီတူးဖော်ရှာဖွေမှု ပြုလုပ်ပြီးပါက နောက်ထပ်ရော ထပ်မံတူးဖော်ဖို့ရှိပါသလား ခင်ဗျာ။

ဖြေ ။ ဟုတ်ကဲ့၊ ကျွန်တော်တို့ ဒီတူးဖော်မှုကို ပထမအဆင့်အနေနဲ့ လေယာဉ်အစင်း ၆၀ ရှာဖွေတူးဖော်မှာဖြစ်ပါတယ်။ ဒါပြီးရင် ဒုတိယအဆင့်အနေနဲ့ ရှာဖွေတူးဖော်ဖို့ ရှိပါတယ်။

မြစ်ကြီးနားတွင် ရွှေတောင်ပေါ် ကုမ္ပဏီမှ တိုက် လေယာဉ် ရှာဖွေရေး ကိရိယာဖြင့် စမ်းသပ်တိုင်းတာ ရှာဖွေနေမှုကို တွေ့ရစဉ်။

မေး ။ တူးဖော်မှုနည်းပညာပိုင်းအနေနဲ့ ပံ့ပိုးမှုရှိရင် သိပါရစေခင်ဗျာ။

ဖြေ။ ။ ဒီလေယာဉ် တူးဖော်မှုကို နာဆာမှပေးပို့သော သတင်းအချက်အလက်တွေကို အခြေခံပါတယ်။ ဒုတိယအချက်အနေနဲ့မြေပြင်တိုင်းတာရှာဖွေမှုတွေပြုလုပ်ခဲ့ပြီး ရှာဖွေနေတာဖြစ်ပါတယ် ခင်ဗျာ။

မေး။ ။ ဒီတိုက်လေယာဉ်များ ရှာဖွေရတဲ့ အကျိုးကျေးဇူးလေးကို ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ ။ ဒီတိုက်လေယာဉ်များ ရှာဖွေခြင်းဖြင့် မြန်မာအစိုးရနဲ့ ဗြိတိသျှအစိုးရတို့အကြား ချစ်ကြည်ရေး ပိုမိုခိုင်မြဲလာမှာဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာကပါ မြန်မာနိုင်ငံကို သိရှိလာမှာဖြစ်ပါတယ်။ ဒီတွေ့ရှိမှုဟာ ကမ္ဘာကအံ့ဩစရာကောင်းတဲ့ အချက်ဖြစ်ပါတယ်။

မေး ။ တိုက်လေယာဉ်များ တူးဖော်ရာမှာ ပညာရှင်များပါဝင်မှုကို သိပါရစေ။

ဖြေ ။ တိုက်လေယာဉ်တွေ တူးဖော်ရာမှာ မြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင်တွေ ပါဝင်သလို ဗြိတိသျှကျွမ်းကျင်ပညာရှင်တွေလည်းပါဝင်ပါတယ်။ ဗြိတိသျှဘက်က လေယာဉ်သမိုင်းကြောင်းနဲ့ မြှုပ်နှံရာမှာသိရှိတဲ့ မျက်မြင်သက်သေတွေလည်း ပါဝင်ပါတယ်။ **(မြန်မာ့အလင်း)**

❀ ကျောဖုံးမှ

ယနေ့ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်ယူနိုက်တက်အသင်းနှင့် အူလ်ဆန်တက္ကသိုလ်အသင်း၊ ဇန်နဝါရီ ၁၂ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ မြန်မာ ယူ-၁၉ အသင်းနှင့် အူလ်ဆန်တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါခြေစမ်းပွဲနှစ်ပွဲစလုံးကို ကွင်းဝင်ကြေးမယူဘဲအခမဲ့ ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ အူလ်ဆန်တက္ကသိုလ်အသင်းသည် ခြေစမ်းပွဲများ ကစားရန် ဇန်နဝါရီ ၈ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။ ပွဲစဉ်(၁)တွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားပြီး ပွဲစဉ်(၂)အဖြစ် ဇေယျာရွှေမြေအသင်းနှင့် ဇန်နဝါရီ ၁၃ရက်တွင် ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းမှာ နိုင်ငံတကာပြိုင်ပွဲများဝင် ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသည့်အသင်းဖြစ်ပြီး ဂျာမနီလူမျိုးနည်းပြ ဂုတ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိသည်။



ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန တင်ဒါစိစစ်ရေးကော်မတီနှင့် အပြည်ပြည်ဆိုင်ရာတင်ဒါအကြံပေးအဖွဲ့ R.B Consultancy Company တို့ လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၉

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန တင်ဒါစိစစ်ရေးကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ တင်ဒါ အကြံပေးအဖွဲ့ R.B Consultancy Company တို့ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက်တွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန တင်ဒါစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းသန်းက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါအကြံပေးအဖွဲ့ R.B Consultancy Company မှ Senior Partner Mr. Nicolas Teisseyre က ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနကိုယ်စား ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်နှင့် အပြည်ပြည်ဆိုင်ရာတင်ဒါ အကြံပေးအဖွဲ့ R.B Consultancy Company မှ Senior Partner Mr. Nicolas Teisseyre တို့က အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးတင်ဒါ ခေါ်ယူနိုင်ရေးသဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါလက်မှတ်ရေးထိုးရခြင်းမှာ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို အပြိုင်(Competition)စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးတင်ဒါဖိတ်ခေါ်ရန် လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး တင်ဒါစိစစ်ရေးကော်မတီက မကြာမီရက်ပိုင်းအတွင်း ပြည်တွင်းပြည်ပကုမ္ပဏီများသို့ တင်ဒါဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇန်နဝါရီ ၉

ယနေ့ နံနက် ၈ နာရီ ၁၁ မိနစ် ၂၂ စက္ကန့် အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၂၄၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ထမံသီမြို့၏အနောက်ဘက် ၁၉ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိအင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အရက်နှင့်ကျန်းမာရေး သင်ကြိုက်ရာရွေး

ရှင်ဇာနန်(ကျန်းမာရေး)

"အရက်"ဟုပြောလျှင် အော့နှလုံး နာသူများစွာရှိ၏။ အရက်ကြောင့် နေ့စဉ်နှင့်အမျှ မျက်ရည်နှင့်မျက်ခွက် ဝမ်းနည်းပက်လက် ငိုကြွေးနေရသူ မိသားစုများစွာရှိ၏။ အရက်ကို စွန့်လွှတ်ရန် ကြိုးစားနေကြသူများနှင့် မစွန့်လွှတ်နိုင်သူများလည်း များစွာရှိ၏။ အရက်ကို အဖော်မွန်ကဲ့သို့ အကျွမ်းတဝင် မြတ်နိုးခင်တွယ်သူများလည်း ဒုနှင့်ဒေးပင်ရှိသည်။ အမှန်၌ အရက်သည် အဆိပ်တစ်မျိုးဖြစ်၏။ တတိတိဖြင့် ဇီဝိန်ကို နုတ်ယူနိုင်သော အစွမ်းသတ္တိရှိ၏။

အရက်သောက်၍ ဘဝပျက်ရသူ မိတ်ဆွေသူငယ်ချင်းများ၊ အိမ်နီးနားချင်းများ ကြုံတွေ့ဖူးကြပေမည်။ စာရေးသူ၏ အသိမိတ်ဆွေတစ်ဦးသည် လူတော်လူကောင်းတစ်ဦးဟု ဆိုရမည်။ သို့သော် အရက်သောက်မိရာမှ အလုပ်ပြုတ်သွား၏။ သူ့အလုပ်သည် ခေတ်အခေါ်ဖြင့် ပြောရပါက ဒေါ်လာစားဖြစ်၍ လူတိုင်းအားကျ၏။ ယနေ့တိုင် အရက်ကို စွဲစွဲလမ်းလမ်းသောက်၏။ မိသားစုများက ဝမ်းနည်းပက်လက်ဖြစ်ကြရ၏။ သို့သော် စွဲလမ်းစေတတ်သော အရက်က အနိုင်ယူ၏။ အခြားအသိတစ်ဦးသည် အလုပ်ခွင်၌ပင်သောက်၏။ ငယ်ငယ်ရွယ်ရွယ်ဖြင့် မသောက်ရန်ပြောကြ၏။ မသောက်ပါဘူးဗျာဟု ဖြေလေ့ရှိ၏။ ဖြတ်နေပါတယ်။ မသောက်တာ တစ်ပတ်၊ တစ်လရှိပြီဟု ဖြေ၏။ သို့သော် အသက် ၄၀ မတိုင်မီ မျက်နှာက ဖောသွပ်သွပ်ဖြစ်လာ၏။ လက်များတုန်လာသည်။ အချို့က ငယ်ငယ်နှင့် အရက်က နိုင်သွားပြီး၊ ဘာမှလုပ်လို့မရတော့ဘူးဟု ပြောဆိုကာ မှတ်ချက်ချပေးကြ၏။

အရက်သောက်၍ ကျန်းမာရေးထိခိုက်ရပုံကို အရက်သောက်သူတိုင်း ကောင်းစွာသိကြ၏။ သားသမီးများ၊ မိသားစုများအတွက် ဈေးဖိုးမရှိသော်လည်း မိမိအရက်အတွက် မရ ရအောင် ရှာတတ်ကြ၏။ အစားအသောက် ပျက်၏။ အရက်ဖြတ်၍မရဖြစ်၏။ လူ၏ စိတ်ကိုအနိုင်ယူတတ်သော ပစ္စည်းများတွင် အရက်သည် ထိပ်ခေါင်ဖြစ်၏။ အရက်ဖြတ်၍ မိသားစုအတွင်း ရန်ဖြစ်ရမှုများ၊ ငွေကြေးဆုံးရှုံးမှုများ၊ အသက်ဆုံးရှုံးမှုများ၊ နာမကျန်းဖြစ်ရမှုများသည် ပြောမဆုံးအောင်ဖြစ်ရ၏။ ဖခင်ဖြစ်သူအရက်စွဲ၍ သားသမီးများ၏ ဆင်းရဲဒုက္ခသည် ကြီးလှ၏။ သားတစ်ယောက်ကို အရိပ်တကြည့်ကြည့် မျှော်တလင့်လင့်ဖြင့် စောင့်စားရာမှ အရက်၏ ဆွဲဆောင်မှုဘက် ပါသွားသောအခါ မိဘ၊ ညီအစ်ကို မောင်နှမများ၏ စိတ်ခံစားမှုသည် မည်ရွေ့မည်မျှ ပြင်းထန်ကြီးမားနေမည်ကို စဉ်းစားကြည့်ပေးနိုင်ကြ၏။

နေရာဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် အရက်သေစာ သောက်စားမှု လျော့ပါးရေးသည် အလွန်အရေးကြီး၏။ တစ်ဖက်မှ ဝင်ငွေကောင်းလာပြီး တစ်ဖက်၌ အရက်သေစာများ သောက်စားကြလျှင် မိသားစုအတွင်း ရန်ဖြစ်ရမှု၊ အချင်းချင်း ခိုက်ရန်ဖြစ်ရမှုများဖြင့် လူမှုရေးပြဿနာများစွာ တက်လေ့ရှိတတ်၏။ ထို့ကြောင့် အခြားတစ်ဖက်၌ ဆိုးကျိုးများ ဟန့်တားရန် ကြိုတင်ကာကွယ်မှုများ အထူးစီမံထားကြရမည်ဖြစ်၏။ လူငယ်လူရွယ်များ၊ လူကြီးများက အသိနှင့်ယှဉ်၍ လူမှုရေးအရ သောက်ရတာပါဟု အကာအကွယ်ပြောဆိုလာကြမည်ဖြစ်၏။ ဤကဲ့သို့သော အကြောင်းပြချက်များသည် အရက်က အနိုင်ယူခြင်းခံရသောအခါ နောင်တကြီးစွာရတတ်ကြ၏။ ယစ်မျိုး ဥပဒေရှိ၏။ အသက်သွင်း၍ ကြပ်ကြပ်မတ်မတ် လုပ်ဆောင်နိုင်လျှင် စည်းမဲ့ကမ်းမဲ့ အရက်သေစာ ဝယ်ယူသောက်စားမှုကို ထိန်းကျောင်းနိုင်ကြမည်ဖြစ်ပါသည်။

ကြိုတင်ကာကွယ်မည်ဆိုပါက အရက်သေစာသောက်စားမှု မပြုသေးသူများအား အရက်သေစာ မသောက်စားရေး၊ အရက်သောက်သူများ အရက်ကျေးကျွန်မဖြစ်စေဘဲ အရက်ဖြတ်စေရေး၊ အရက်ကျေးကျွန်ဖြစ်နေသူများကို နည်းမျိုးစုံဖြင့် အရက်ဖြတ်နိုင်ရေးနှင့် စနစ်တကျ ထိန်းသိမ်းသောက်စားရန် ကာကွယ်သမှု ပြုကြရမည်ဖြစ်သည်။ အရက်၏ ကျေးကျွန်ဖြစ်ရခြင်းတွင် အဆင့် လေးဆင့်ရှိသည်ဟု အိန္ဒိယမှ အရက်ဖြတ်ပေးသူ ဆရာဝန်ကြီး တစ်ဦးက ပြောပြဖူး၏။ ၎င်းက ပထမအဆင့်တွင် နည်းနည်းစမ်းပြီးသောက်တာပါ။ မကြိုက်ပါဘူးဗျာဟု ပြောတတ်ကြသည်ဆို၏။ ဒုတိယအဆင့်တွင် လူမှုရေးအရ ကြုံမှသောက်တာပါဗျာ၊ ကြိုက်လို့မဟုတ်ပါဘူးဟု ပြောတတ်ကြပြန်သည်ဆို၏။ တတိယအဆင့်တွင် ဇနီးသည်၊ မိသားစုများနှင့်စကားများလာပြီး နေ့တိုင်းလိုလိုသောက်ဖြစ်ပေမယ့် အရက်မသောက်လည်း နေနိုင်ပါတယ်ဗျာဟု ပြောကြသေးသည်ဆို၏။ စတုတ္ထအဆင့်တွင် မိန်းမမရှိလည်းရတယ်၊ အရက်မရှိရင် မရတော့ဘူးဟု ပြောဆိုတတ်ကြသည်ဟု ဆိုသည်။

ဆရာဝန်ကြီးက မူးယစ်ဆေးဝါးထဲတွင် အရက်သည် ထိပ်ဆုံးမှဒုက္ခပေးသည့် အရာဖြစ်သည်။ အခြား မူးယစ်ဆေးများနှင့် မနှိုင်းသာအောင် အရက်ကြောင့် ဘဝပျက်ရသူများလှသည်ဟု ဆိုသည်။

အရက်ကို အဘယ်ကြောင့် သောက်ကြပါသနည်း။ အမြင်အမျိုးမျိုး ရှိနိုင်ပါသည်။ မသောက်သူများက သောက်သူများကို ဤသို့ပြောတတ်ကြသည်။ "ကိုယ့်ဘဝကိုယ်ဖျက်ဆီးချင်လို့"ဟူ၍ အလွယ်မှတ်ချက်ချတတ်ကြသည်။ အရက်သောက်သူများကမူ "တစ်ခါတလေပဲဗျာ၊ ယောကျ်ားပဲ၊ ဒါလောက်လေး သောက်တာဘာမှမဖြစ်ဘူး"ဟု ပြောဆို အကြောင်းပြကြ၏။ အချို့မှာ ကြော်ငြာများကို အားကျ၍သောက်တတ်ကြ၏။ အမှန်တွင် ကြော်ငြာများ၌ ပါရှိသော မင်းသားသရုပ်ဆောင်များသည် အရက်ကို မသောက်ကြပေ။ အရက်သောက်လျှင် အသားအရေပျက်စီး၍ အလှပျက်သဖြင့် အနုပညာသမားများ၏ ရုပ်အဆင်းအင်္ဂါလက္ခဏာများ အပျက်ခံ၍ သောက်ကြမည်မဟုတ်ပေ။

အရက်သောက်လျှင် ရုပ်ပျက်ဆင်းပျက်ဖြစ်ကြရသည်။ မျက်နှာဖောသွပ်သွပ်ဖြစ်ပြီး မျက်လုံးမှာ ပုံမှန်မဟုတ်။ ဟန်ပါပါသရုပ်ဆောင်၍ သောက်ပြသောသရုပ်ဆောင်များသည် အမှန်တကယ် အရက်သောက်သူများ မဟုတ်ပေ။ သောက်ပါက ဤကဲ့သို့ လှပချောမောကြတော့မည် မဟုတ်ပေ။ အရက်မူးသမားများသည် အစာအိမ်ကို ထိခိုက်သဖြင့် မကြာခဏ အော့အန်နေတတ်သည်။ အခြားသူများကိုလည်း ရန်ရှာတတ်ကြသည်။ စော်စော်ကားကား ပြောဆိုပြုမူ၍ ရန်သူများနေတတ်ကြသည်။ မိတ်ဆွေဖြစ် သောက်ကြစို့ဟု ပြောကြသော်လည်း အရက်မူး၍ မိတ်ပျက်ခြင်းက ပို၍များသည်။ သိသာသည်မှာ အရက်ကြောင့်ကားလမ်းမပေါ် အသက်စွန့်ရသူများ ဒုနှင့်ဒေးရှိနေခဲ့ခြင်းသည် သာဓကပင်ဖြစ်သည်။

အရက်က အသည်းကိုကြွပ်စေပြီး ပျက်စီးစေသည်။ အချို့မှာ အရက်ကြောင့်သွေးများ အော့အန်၍ သေဆုံးတတ်ကြသည်။ အချို့မှာ တက်တတ်ပြီး အသက်အန္တရာယ်ကြီးလှ၏။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ကြုံကြရသည်။ စိတ်ဖောက်ပြန်၍ မိသားစုကို ရန်ရှာကာ ဖျက်ဆီးတတ်ကြသည်။ သားသမီးများ၏ အနာဂတ်ကို ကျိုးပျက်စေကြ၏။ အရက်ကြောင့် အာရုံအသိမှားမှုများ ခံစားရတတ်သည်။ အသံများ နားထဲ၌ အလိုလိုကြားနေတတ်သည်။ စေခိုင်းသူမရှိဘဲ ခိုင်းသူရှိသည်ဆိုကာ လုပ်ချင်ရာလုပ်နေတတ်ကြသည်ဟု ဆိုပါသည်။ စာရေးဆရာကြီး လူထုဦးလှက "အရက်သမား၊ အမှားတစ်ထောင်"ဟူ၍ ရေးသားခဲ့ဖူး၏။ အိမ်ထောင်သည်ဆိုလျှင် အရက်ကြောင့် သံသယစိတ်ဝင်လေ့ရှိပြီး ပြဿနာမွေးလေ့ရှိတတ်ကြသည် ဆို၏။ အသေးအဖွဲကို အကြီးအကျယ်ချဲ့၍ မြင်နေတတ်သည်ဟု ဆိုပါသည်။ ထို့ကြောင့် မူး၍ရမ်းကားနေတတ်ပြီး နောက်တစ်နေ့ အမူးပြေသည့်အခါ ဘာဖြစ်ခဲ့မှန်းပင်မသိဘဲ ရှိနေတတ်သည်ဟု ဆို၏။

ထို့ကြောင့် ကောင်းကျိုးမပေးသော အရက်ကို မိမိတို့ လူမှုအသိုင်းအဝိုင်းထဲမှ ဖယ်ရှားပစ်ကြရမည်ဖြစ်သည်။ အရက်မျိုးနွယ်ထဲ၌ ပါဝင်သော ထန်းရည်၊ ဘီယာမျိုးစုံ၊ အရက်မျိုးစုံ(ဝီစကီ၊ ဘရန်ဒီ၊ ဟိုက်ကော်မရှင်)အစရှိသည့် စုံလင်လှသော အရက်များ စည်းမျဉ်းဥပဒေနှင့်အညီ ရောင်းချခြင်းမှလွဲ၍ ခွင့်မပြုဘဲ တားမြစ်ကြရပါမည်။ လမ်းဘေး ကွမ်းယာဝယ်သကဲ့သို့ အလွယ်တကူရနိုင်မှုကို ပယ်ရှားကြရပါမည်။ အရက်သောက်ကာစ ပုဂ္ဂိုလ်များအား အသိပညာ ပေးကြရပါမည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပျက်စီးမှုကို ကြိုတင်မြင်တွေ့ နားလည်သဘောပေါက်စေရန် ဝိုင်းဝန်းအသိပေးကြရပါမည်။ အသင်းအဖွဲ့များမှလည်းကောင်း၊ လူကြီးမိဘ၊ အပေါင်းအသင်း၊ မိတ်ဆွေများမှလည်းကောင်း ပူးပေါင်းပါဝင် အသိပေးနိုင်ကြ၏။ အရက်စွဲနေပြီးသူများအတွက် အရက်ဖြတ်ရန် ဆေးရုံများသို့ ညွှန်ပို့ပေးကြရပါမည်။ဘဝဟူသည် တည်ဆောက်ရခြင်းဖြစ်၏။ အရက်ကြောင့် မိမိနှင့် မိမိမိသားစုဘဝ ယိမ်းယိုင်ပျက်စီးခြင်းကို လက်မခံဘဲ တွန်းလှန်ကြရန်လိုသည်။

ချုပ်၍ ဆိုရသော် တတိတိ၊ တဖြည်းဖြည်း စွဲလမ်းစေတတ်သော အရက်များကို အစကတည်းက မြည်းစမ်းမကြည့်ရန်လိုသည်။ အလွယ်တကူ ရနိုင်ခြေမရှိအောင်ကြံဆကြရမည်။ အန္တရာယ်ကြီးမားမှု အတိုင်းအဆကို ကြိုတင်မြင်တွေ့နိုင်အောင် အသိပညာများ လက်ဆင့်ကမ်းကြရပါမည်။ မီးကိုမလောင်ခင်က တားကြရမည်။ အချို့က ကိုယ့်ဘဝကိုယ်ပိုင်သည်ဟု ဆိုတတ်ကြသည်။ အမှန်၌ ကိုယ့်ဘဝကိုကိုယ်မပိုင်၊ မိသားစုမှီခိုသူများကလည်းကောင်း၊ ကိုယ်နေထိုင်ရာပတ်ဝန်းကျင်၊ အသိုင်းအဝိုင်း၊ ဆွေမျိုးညာတိများက လည်းကောင်း ပိုင်ဆိုင်လျက်ရှိ၏။ အရက်ကျေးကျွန်ဖြစ်စေမည့် အစား၊ မိမိလူ့အဖွဲ့အစည်း အသိုင်းအဝိုင်းအတွက် အကျိုးများစွာ ဆောင်ကြဉ်းပေးရန် တာဝန်ရှိကြောင်း ဝိုင်းဝန်းအသိပေးကြရန် ရေးသားလိုက်ရပေသည်။

စစ်ကိုင်းတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စစ်ကိုင်း ဇန်နဝါရီ ၉

နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံ အထူးအဖွဲ့(၆)မှ တာဝန်ယူ တည်ဆောက်နေသည့် စစ်ကိုင်းတက္ကသိုလ်ကြီးတွင် နှစ်ထပ်စာသင်ဆောင်များ အပါအဝင် လက်တွေ့ခန်းများ၊ အုပ်ချုပ်မှုပင်မဆောင်များ၊ ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်အိမ်များ၊ နှစ်ခန်းတွဲနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီး၍ ပထမနှစ်ကျောင်းသူ ကျောင်းသားများကို လက်ခံသင်ကြား ပေးလျက်ရှိသည်။

မြေသားပေါင်တင်

ကျောင်းသား ကျောင်းသူများကို လက်ခံ စာသင်ကြားပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်တည်ဆောက်ရေး လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာများနှင့် တက္ကသိုလ်ပရိဝုဏ်အုတ်တံတိုင်းကာခြင်း၊ တက္ကသိုလ်မုခ်ဦး တည်ဆောက်ခြင်းလုပ်ငန်းများကို အထူးအဖွဲ့ (၆)က ဆောင်ရွက်လျက်ရှိသကဲ့သို့ ပေ ၈၀ အကျယ် အဓိပတိလမ်းနှင့် စာသင်ဆောင်ချင်းဆက်သွယ်သည့် ပေ ၃၀ ကွန်ကရစ်လမ်းတို့ကို ရန်ကုန်-မန္တလေးအမြန်လမ်း ပြင်ဆင်ထိန်းသိမ်းရေး နေပြည်တော်-မန္တလေးအပိုင်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ပေ ၈၀ အဓိပတိလမ်းမကြီးမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး စာသင်ဆောင်ချင်းဆက်သွယ်သည့် လမ်းမှာ မြေသားပေါင်တင်ခြင်း လုပ်ငန်းနှင့် ကျောက်ရောမြေချလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

ပေ ၈၀ အဓိပတိလမ်းမကြီးနှင့် စာသင်ဆောင်ချင်းဆက်သွယ်သည့် ပေ ၃၀ လမ်းများ ကွန်ကရစ်ခင်းပြီးလျှင် ပန်းအလှစိုက်အလယ်ကျွန်းနှင့် ပလက်ဖောင်း အလှလမ်းခင်းခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ဦးမည်ဟု သိရသည်။

(ခရမ်းစိုးမြင့်)

စစ်ကိုင်းတက္ကသိုလ်အတွင်းရှိ လမ်းများကို ကွန်ကရစ်ခင်းရန် စက်ကြီးများဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းအဖွဲ့က ဆောင်ရွက်ကြစဉ်။

ဆားလင်းကြီးမြို့နယ် မြို့မဈေး၌ စာပေရေချမ်းစင် ဖွင့်လှစ်

ဆားလင်းကြီး ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့ မြို့မဈေး၏ မြောက်ဘက် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးတိုက်တန်း အခန်းအမှတ် ၁၂ တွင် ဈေးသူဈေးသားများ၊ ခရီးသွားပြည်သူများ၊ ဈေးရောင်းဈေးဝယ်လာကြသော အများပြည်သူတို့ အသိပညာ၊ ဗဟုသုတ၊ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် မဂ္ဂဇင်း၊ ဝတ္ထု၊ ကာတွန်း၊ ဂျာနယ်၊ နေ့စဉ်ထုတ် သတင်းစာနှင့် အခြားသုတ ရသ စာပေမျိုးစုံကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်၏ စီစဉ်ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၉ ရက်က စာပေရေချမ်းစင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆက်သွယ်လှူဒါန်း

အဆိုပါရေချမ်းစင်သို့ စာအုပ်စာပေ၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတို့ကို လှူဒါန်းလိုပါကလည်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့ စည်ပင်သာယာ ဈေးတိုက်တန်း အခန်းအမှတ် ၁၂ သို့ လာရောက် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ဦးငယ်(ဆားလင်းကြီး)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၁-၂၀၁၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃ တရားတော်

ညပိုင်း

၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမေ့အပြုံး** (အပိုင်း -၇၂)

၆း၀၀ မြဝတီရုပ်မြင်သံကြား သတင်း

၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာထက်က ဖန်ရဲတိုက်** (အပိုင်း -၁၄)

၈း၀၀ မြဝတီရုပ်မြင်သံကြား သတင်း
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လင်းလက်မျက်နှာ** (အပိုင်း-၂၆)
-မြဝတီရုပ်မြင်သံကြားသတင်း
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဂုဏ်ရည်မတူ** (အပိုင်း-၅၇)

ပြည်တွင်းသတင်း

ကျင့်ဝတ်ဆိုသည်မှာ စည်းမျဉ်းဥပဒေမဟုတ်၊ စံတစ်ခုအဖြစ် လမ်းညွှန်ပြသ ဂုဏ်သိက္ခာရှိသောသတင်းသမားတိုင်း မဖြစ်မနေလိုက်နာစောင့်ထိန်း

နေပြည်တော် ဇန်နဝါရီ ၉

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၁၃) ကို နေပြည်တော်ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းတွင်ကျင်းပရာ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။ ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာကားပြောကြားရာတွင် ယနေ့ပြုလုပ်သော အစည်းအဝေးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ အစည်းအဝေး အမှတ် ၁/၂၀၁၃ ဖြစ်ပါကြောင်း၊ အဖွဲ့၏တာဝန်များမှာ ပုံနှိပ်ပြီးစာအုပ်စာတမ်းများကို မူလခွင့်ပြုချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ခြင်းနှင့် စည်းကမ်းဖောက်ဖျက်သောပုံနှိပ်သူများနှင့် ထုတ်ဝေသူများအား အရေးယူဆောင်ရွက်ခြင်းတို့ ပါဝင်ကြောင်း၊ စာနယ်ဇင်းလောကအနေဖြင့်လည်း ပြည်သူလူထုက အမှန်တကယ် ယုံကြည်အားကိုးလက်ခံသော စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်တစ်ရပ်ဖြစ်လာရန် အထူးလိုအပ်မည်ဖြစ်ပါကြောင်း၊ Freedom of Press ဟုခေါ်သည့် လွတ်လပ်စွာရေးသားခွင့်ရှိမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း Code of Ethics ဟု ဆိုသည့် စာနယ်ဇင်းများ၏ ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အမေရိကန်နိုင်ငံ Society of Professional Journalists (SPJ) ၏ ကျင့်ဝတ်တွင် "အမှန်တရားကို ရှာဖွေဖော်ပြပါ၊ သက်ဆိုင်သူများကို နစ်နာမှု နည်းနိုင်သမျှ နည်းပါစေ၊ လွတ်လွတ်လပ်လပ် ပြုမူလုပ်ကိုင်ပါ၊ တာဝန်ခံမှုရှိပါစေ" ဆိုပြီး အခြေခံမှု (၄)ချက်ကို ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အပြင် သတင်းသမားများ သတင်း စုဆောင်းတင်ပြရာတွင် ရိုးသားပြီး မျှတမှု ရှိရန်၊ သတင်းအရင်းအမြစ်များနှင့် သက်ဆိုင်သူများအပါအဝင် လုပ်ဖော်ကိုင်ဖက်များသည် လူသားများသာဖြစ်သည့်အတွက် ရိုသေလေးစားမှုရှိရန်၊ ပြည်သူလူထု သိသင့်သိထိုက်သည်များကို လွတ်လပ်စွာ သိရှိခွင့်ပေးရန်နှင့် မိမိဖော်ပြသည့် အကြောင်းအရာအားလုံးအတွက် တာဝန်ခံမှုရှိရန်စသဖြင့် သတ်မှတ်ထားသည်မှာ နမူနာယူစရာဖြစ်ပါကြောင်း၊ ကျင့်ဝတ်ဆိုသည်မှာ စည်းမျဉ်းဥပဒေမဟုတ်သော်လည်း တစ်ဦးချင်း၏အပြုအမူ၊အနေအထိုင်၊ လုပ်ကိုင်ပုံအနေအထားများကို စံတစ်ခုအဖြစ် လမ်းညွှန်ပြသခြင်းဖြစ်သည့်အတွက် ဂုဏ်သိက္ခာရှိသော သတင်းသမားတိုင်း မဖြစ်မနေ လိုက်နာစောင့်ထိန်းကြရန် လိုအပ်မည်ဖြစ်ပါကြောင်း မှာကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ကြီးကြပ်မှုဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာတွင် အစိုးရသစ်ပေါ်ထွက်လာပြီးနောက် ၂၀-၄-၂၀၁၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၁ ဖြင့် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ကြီးကြပ်မှုဗဟိုအဖွဲ့အနေဖြင့် စာပေစိစစ်ရေးမူဝါဒများအား အဆင့်ဆင့်လျှော့ပေါ့ပြောင်းလဲကျင့်သုံးခဲ့ရာ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၀ ရက်မှစ၍ ထုတ်ဝေစာအားလုံးသည် စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနသို့ ကြိုတင် တင်ပြခွင့်ပြုချက်ရယူရန် မလိုအပ်တော့ဘဲ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ထုတ်ဝေပြီးမှသာ မှတ်တမ်းအဖြစ် လာရောက်ပေးပို့စေခဲ့ကြောင်း၊ ထို့အပြင် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်ခြင်းကို လွယ်ကူလျင်မြန်စေရေးအတွက် On Line မှ လျှောက်ထားခြင်း၊ ခွင့်ပြုပေးခြင်းတို့ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ စတင်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ထုတ်ဝေစာများကို လွယ်ကူလွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပြုခဲ့ချိန်တွင် အချို့ ဂျာနယ်၊ မဂ္ဂဇင်းတို့သည် စာနယ်ဇင်းကျင့်ဝတ်များနှင့် မကိုက်ညီသည့် ရေးသားဖော်ပြလာမှုများ ရှိလာသဖြင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)သို့ အကြောင်းကြားပေးခြင်းများကို ဆောင်ရွက်ခဲ့ရကြောင်း၊ စာနယ်ဇင်းကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ စာနယ်ဇင်းကောင်စီ (ယာယီ)ကလည်း စာနယ်ဇင်းကျင့်ဝတ် (၁၅) ချက်ကို ၁၇-၉-၂၀၁၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ စာနယ်ဇင်းကောင်စီ(ယာယီ) အနေဖြင့် စာပေလောကနှင့်ပတ်သက်သည့်အငြင်းပွားမှုများအပေါ် ဖြေရှင်းပေးခြင်း၊ စာနယ်ဇင်းကျင့်ဝတ်နှင့်အညီ ရေးသားနိုင်ရေး တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ထုတ်ဝေခွင့်ပြုထားသည့် မဂ္ဂဇင်း ၂၂၀ နှင့် ဂျာနယ် ၃၁၀ ရှိကြောင်း၊ ယခုအခါ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းနှင့်ပတ်သက်၍ မူလလျှောက်ထားခွင့်ပြုခဲ့သည့် ဘာသာရပ်အမျိုးအစားမှ ကျော်လွန်ထုတ်ဝေမှုများ ရှိသည်ကိုတွေ့ရကြောင်း၊ ထိုသို့ထုတ်ဝေသော မဂ္ဂဇင်းတစ်အုပ်နှင့် ဂျာနယ်ခြောက်စောင်ရှိကြောင်း၊ ညို့မဂ္ဂဇင်း အတွဲ(၁) အမှတ်(၁)အဖြစ် ဒီဇင်ဘာလတွင်ထုတ်ဝေမည့်မဂ္ဂဇင်းကို နိုဝင်ဘာ ၂၇ ရက်တွင် ဖြန့်ခဲ့ကြောင်း၊ ၎င်းမဂ္ဂဇင်းမှာ မူလလျှောက်ထားစဉ်က ဖက်ရှင်ဦးစားပေးမဂ္ဂဇင်းအဖြစ် လျှောက်ထားခဲ့သော်လည်း အမှန်တကယ်ထွက်ရှိလာသည့်အခါ လိင်ပညာပေး (Sex Education) အဖြစ် ဖော်ပြထုတ်ဝေလာသည်ကို တွေ့ရကြောင်း၊ လိင်ပညာပေးဟု ဖော်ပြသော်လည်း မဂ္ဂဇင်းပါဓာတ်ပုံနှင့် အရေးအသားများမှာ လိင်ကိစ္စအသားပေးဖော်ပြပြီး စိတ်ကိုနှိုးဆွရာရောက်စေသည့် ဖော်ပြချက်များဖြစ်ကြောင်း၊ မူလလျှောက်ထားသည့် ဖက်ရှင်ဦးစားပေးဆိုသည့် အချက်မှ ရာနှုန်းပြည့်ကွဲလွဲသည့် လိင်ကိစ္စအကြောင်းအရာများကိုသာ ရေးသားထုတ်ဝေသည့်မဂ္ဂဇင်းဖြစ်ကြောင်း၊ မဂ္ဂဇင်းထွက်ရှိပြီးနောက် စာပေလောကသားအချို့နှင့် ပြည်သူလူထုအတွင်း လူကြီး၊ လူငယ်၊ လူလတ်အများစုက ထိုမဂ္ဂဇင်းတွင်ပါရှိသည့် ရေးသားဖော်ပြချက်များကို မနှစ်မြို့ကြောင်း ဖော်ပြသည့်အသံများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်နေကြောင်း၊ အလားတူ မူလကလျှောက်ထားသည့် အကြောင်းအရာနှင့် ကွဲလွဲ၍ အခြားအကြောင်းအရာများကို ၄၀ ရာခိုင်နှုန်းခန့်နှင့်အောက် ထည့်သွင်းဖော်ပြနေသော ဂျာနယ်ခြောက်စောင်ရှိကြောင်း၊ ၎င်းတို့မှာ Media One ဂျာနယ်၊ The Farmer ဂျာနယ်၊ ကြော်ငြာကမ္ဘာဂျာနယ်၊ မြန်န္တာဂျာနယ်၊ High Speed Car ဂျာနယ်တို့မှာ စီးပွားရေးဂျာနယ်အဖြစ် လျှောက်ထားသဖြင့် ခွင့်ပြုပေးထားသော်လည်း ခွင့်ပြုချက်နှင့်မသက်ဆိုင်သော အခြားသတင်းများထည့်သွင်းဖော်ပြနေသည်ကို တွေ့ရကြောင်း၊ သွေးသစ်ဂျာနယ်မှာ အနုပညာသုတရသဂျာနယ်ဖြစ်သော်လည်း အလားတူ အခြားသတင်းများဖော်ပြထားသည်ကို တွေ့ရကြောင်း၊ ၎င်းတို့မှာ မူလတင်ပြခွင့်ပြုသည့်ဘာသာရပ်နှင့် လုံးဝကွဲလွဲထုတ်ဝေခြင်းမဟုတ်သော်လည်း အခြားအကြောင်းအရာများ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းခန့်ထိပါနေသည်ကို တွေ့ရကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက ၂၀၁၂ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် ဂျာနယ်၊ မဂ္ဂဇင်းများအား အထောက်အထားများဖြင့် စစ်ဆေးဆွေးနွေးခဲ့ကြပြီး မူလက ဖက်ရှင်မဂ္ဂဇင်းအဖြစ် လျှောက်ထား၍ ဖက်ရှင်မဂ္ဂဇင်းအဖြစ် ခွင့်ပြုထားသော်လည်း အမှန်တကယ်ထွက်ရှိလာသောအခါ မူလလျှောက်ထားသည့်အကြောင်းအရာမှ ရာနှုန်းပြည့်ကွဲလွဲ၍ လိင်ပညာပေးမဂ္ဂဇင်းအဖြစ် ဖော်ပြထွက်ရှိလာသော ညို့မဂ္ဂဇင်းအား တည်ဆဲဥပဒေပုဒ်မ(၁၀) အရ ထုတ်ဝေခွင့်မှတ်ပုံတင်သက်သေခံလက်မှတ်ကို ရုပ်သိမ်းရန်၊ မူလလျှောက်ထားစဉ်က အကြောင်းအရာနှင့် မသက်ဆိုင်သော အခြားအကြောင်းအရာများ ၄၀ ရာခိုင်နှုန်းအောက်ပါဝင်နေသည့် ဖော်ပြပါ ဂျာနယ်ခြောက်စောင်ကို ခေါ်ယူသတိပေးပြီး တစ်လအတွင်း မူလဘာသာရပ် လမ်းကြောင်းအမှန်အတိုင်း ထုတ်ဝေရေးဆောင်ရွက်သွားရန်၊ ကြီးကြပ်မှုဗဟိုအဖွဲ့အစည်းအဝေးကို အနည်းဆုံး နှစ်လတစ်ကြိမ် ခေါ်ယူစိစစ်ဆောင်ရွက်သွားရန် ဆုံးဖြတ်ကြသည်။ ယင်းနောက် ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းသည်။ **(သတင်းစဉ်)**

အဂတိလိုက်စားမှုတားဆီးကာကွယ်၍ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး လက်တွေ့ကျသည့်နည်းလမ်းများဖြင့် အလေးထားဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်အစိုးရသစ်သည် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူချိန်မှစ၍ပင် ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရ ဖြစ်စေရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာတွင် အဂတိလိုက်စားမှုများ ပပျောက်စေရေးအတွက် အထူးအလေးထား တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာအတွေ့အကြုံများနှင့် ယှဉ်ကာ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ယခု အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယင်းဆွေးနွေးမှုများအပေါ် အခြေခံ၍ မိမိတို့ဝန်ကြီးဌာန၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်၍ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး လက်တွေ့ကျသည့် နည်းလမ်းများဖြင့် အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီမှ အဆင့်မြင့်အရာရှိကြီး တစ်ဦးစီ ပါဝင်တက်ရောက်ဆွေးနွေးရန် စီမံထား၍ အချိန်ကိုတန်ဖိုးထားကာ အထူးဂရုစိုက်လေ့လာကြစေလိုကြောင်း၊ ယခုဆွေးနွေးပွဲရလဒ်မှတစ်ဆင့် မိမိဌာန၏အဆင့်ဆင့်သောနေရာများတွင် မည်သည့်ပုံစံမျိုး၊ ဟာကွက်မျိုးရှိနေသည်၊ မည်သို့ပြုပြင်ဖာထေးသင့်သည် ဆိုသည်များကို တစ်ဆက်တည်း ထပ်မံဖော်ထုတ်ရန် စီမံဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ **(ဝဲပုံ)**က ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ တံကပူရိဟိုတယ်၌ ကျင်းပသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် Sustainable Development Initiatives Ltd (SDI) တို့ ပူးပေါင်းစီစဉ်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေး ဦးစစ်အေးနှင့် မြန်မာနိုင်ငံအခြေစိုက် SDI မှ Country Program Director, Mr. John Rennie တို့က အလုပ်ရုံဆွေးနွေးပွဲကျင်းပမှုနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများနှင့် အကြံပြုချက်များကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို Ausi-Aid အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အရာထမ်း ၂၂ ဦး တက်ရောက်ကြ၍ မြန်မာနိုင်ငံအခြေစိုက် SDI မှ Mr. John Rennie နှင့် Integrity Commission မှ Chief Commissioner Mr. Morray Kellam တို့က ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

▲ *အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှ*

(ခ) ဒုတိယသမ္မတ(၁) ဒုတိယဥက္ကဋ္ဌ
(ဂ) ဒုတိယသမ္မတ(၂) ဒုတိယဥက္ကဋ္ဌ
(ဃ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန
(င) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန
(စ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သမဝါယမဝန်ကြီးဌာန
(ဆ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
(ဇ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
(ဈ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်
နည်းပညာဝန်ကြီးဌာန
(ည) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်
သစ်တောရေးရာဝန်ကြီးဌာန
(ဋ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ဌ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန
(ဍ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန
(ဎ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန
(ဏ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန
(တ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန
(ထ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သတ္တုတွင်းဝန်ကြီးဌာန
(ဒ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(ဓ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး
တိုးတက်မှုဝန်ကြီးဌာန
(န) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(ပ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း
ဝန်ကြီးဌာန
(ဖ) ပြည်ထောင်စုရှေ့နေချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး
(ဗ) ပြည်ထောင်စုစာရင်းစစ်ချုပ် အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
(ဘ) တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ အဖွဲ့ဝင်
(မ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ်
(ယ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
သမ္မတရုံးဝန်ကြီးဌာန(၃)
(ရ) ပြည်ထောင်စုဝန်ကြီး တွဲဖက်အတွင်းရေးမှူး
သမ္မတရုံးဝန်ကြီးဌာန(၅)

(၂) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရန်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆နှင့်အညီ အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံးပါဝင်နေသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ရန်။

(ဂ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးအတွက် အစိုးရနှင့် ပုဂ္ဂလိကဘဏ်များမှ ထိထိရောက်ရောက်ကူညီပံ့ပိုးနိုင်ရန်။

(ဃ) နည်းပညာလိုအပ်ချက်အတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်ပညာပေးမြှင့်တင်ရန်။

(င) မြို့ပြမှကျေးလက်အထိ အသေးစားစီးပွားရေးလုပ်ငန်းဈေးကွက်နှင့်အလတ်စား စီးပွားရေးလုပ်ငန်းဈေးကွက်များ ဖွံ့ဖြိုးရေးအားပေးမြှင့်တင်ရန်။

(စ) ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အထောက်အကူပြု စီးပွားရေးလုပ်ငန်းများ (Supporting Industries) အဖြစ် ပုံမှန်ဈေးကွက်ချိတ်ဆက်မှု ဖြစ်ထွန်းတိုးတက်လာစေရေးဆောင်ရွက်ရန်။

(ဆ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ် လေ့ကျင့်ပြုစုပျိုးထောင်ရေးစီမံပေးရန်။

(ဇ) လိုအပ်သည့် ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ရန်။

(၃) **အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

(က) ဒုတိယသမ္မတ (၂) ဥက္ကဋ္ဌ
(ခ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သမ္မတရုံးဝန်ကြီးဌာန(၅)
(ဂ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန
(ဃ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(င) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(စ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း
ဝန်ကြီးဌာန
(ဆ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း
ဝန်ကြီးဌာန
(ဇ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်
နည်းပညာဝန်ကြီးဌာန
(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန
(ဋ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန
(ဌ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန
(ဍ) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ဎ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
စက်မှုဝန်ကြီးဌာန
(ဏ) ဒုတိယဝန်ကြီး တွဲဖက်အတွင်းရေးမှူး
အမျိုးသားစီမံကိန်းနှင့်စီးပွားရေး
ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၄) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောဥပဒေ၊နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသတ်မှတ်ပြဋ္ဌာန်းနိုင်ရန်ပြုစု၍ ဗဟိုကော်မတီသို့တင်ပြရန်။

(ခ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင် ဆောင်ရွက်နိုင်ရန် လိုအပ်သောသတင်းအချက်အလက်များ စုဆောင်းသုံးသပ်တင်ပြရန်။

(ဂ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများတွင် အဟန့်အတားဖြစ်နေသော ကိစ္စရပ်များအား ဖြေရှင်းပေးရန်။

(ဃ) ဈေးကွက်များသို့ ကျယ်ပြန့်စွာချိတ်ဆက်နိုင်ရေး ဈေးကွက်ဖွံ့ဖြိုးရေးအားပေးဆောင်ရွက်ရန်။

(င) ကျွမ်းကျင်လုပ်သားများ ပြည့်စုံလုံလောက်မှုရှိစေရေး လေ့ကျင့်ပျိုးထောင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်။

(စ) ငွေကြေးအကူအညီအထောက်အပံ့ရရှိရေး၊ နည်းပညာအကူအညီရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန်။

(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် အသေးစားငွေချေးလုပ်ငန်း ဖွံ့ဖြိုးအောင်ဆောင်ရွက်ပေးရန်။

(ဇ) အသေးစားစီးပွားရေးလုပ်ငန်းအုပ်စုနှင့် အစုအဖွဲ့များ၊ အလတ်စားစီးပွားရေးလုပ်ငန်းအုပ်စုနှင့် အစုအဖွဲ့များအလိုက် လိုအပ်သည့် ဆပ်ကော်မတီနှင့်လုပ်ငန်းအလိုက်အစုအဖွဲ့များအား လိုအပ်သလို ထပ်မံဖွဲ့စည်းဆောင်ရွက်ရန်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

◆ *အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီမှ*

(ဂ) ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ဃ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
(င) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ
ဝန်ကြီးဌာန
(စ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန
(ဆ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သတ္တုတွင်းဝန်ကြီးဌာန
(ဇ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ဈ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(ည) ဒေါက်တာမြင့်စိုး အဖွဲ့ဝင်
ဘူမိဗေဒအရာရှိကြီး
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေး
ဦးစီးဌာန
သတ္တုတွင်းဝန်ကြီးဌာန
(ဋ) ဦးဝင်းခိုင် အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
(ဌ) ဦးအောင်မြင့် အဖွဲ့ဝင်
အထွေထွေအတွင်းရေးမှူး
မြန်မာ ပြန်ပြည့်မြဲစွမ်းအင်အသင်း
(ဍ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
စွမ်းအင်ဝန်ကြီးဌာန
(ဎ) ဒုတိယဝန်ကြီး တွဲဖက်အတွင်းရေးမှူး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၂) အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်၏ စွမ်းအင်ကိစ္စအရပ်ရပ်အတွက် စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်ထုတ်လုပ်ဖြည့်ဆည်းနိုင်မှု အခြေအနေများပေါ်မူတည်၍ အမျိုးသား စွမ်းအင်မူဝါဒ (National Energy Policy)ကို ရေးဆွဲရန်။

(ခ) နိုင်ငံတော်၏ စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမျိုးသား စွမ်းအင်မူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားစွမ်းအင်ထိန်းချုပ်ကွပ်ကဲရေးစည်းမျဉ်း (Energy Regulation) များ ချမှတ်ပေးရန်။

(ဂ) စွမ်းအင်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များသည် အရည်အသွေးရှိ၍တိကျမှန်ကန်သော စာရင်းအင်းကိန်းဂဏန်းများဖြစ်ပေါ်စေရေး ကြီးကြပ်ဆောင်ရွက်စေရန်။

(ဃ) နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍအချိုးအစား ပြောင်းလဲလုပ်ဆောင်သည့် အစီအစဉ်များကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်။

(င) လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လတ်တလောလိုအပ်ချက်အပေါ် ရေတိုစီမံကိန်းများ ချမှတ်ပေးပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အညီ လိုအပ်ချက်ကို ညှိနှိုင်းဖြေရှင်းပေးရန်။

(စ) နိုင်ငံတော်၏ စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးတိုးတက်လာမှုအပေါ်အခြေခံ၍ တိုးမြှင့်သုံးစွဲလာမည့် လျှပ်စစ်လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန် ရေရှည်စီမံချက်များ ရေးဆွဲချမှတ်သွားရန်။

(ဆ) လတ်တလောအခြေအနေအရ လျှပ်စစ်လိုအပ်နေသည့်အချိန်တွင် အခြားနိုင်ငံများနည်းတူ ကျောက်မီးသွေးအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ဆောင်ရွက်သွားရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှု

❖ *မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီမှ*

(ဃ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန
(င) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန
(စ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန
(ဆ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သာသနာရေးဝန်ကြီးဌာန
(ဇ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန
(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန
(ဋ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံတော်သမ္မတရုံး
(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး
(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သစ်တောဦးစီးဌာန
(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

ပြည်တွင်းစားအုန်းဆီဈေးနှုန်း ပြည်ပဈေးအပေါ် မူမတည်

ရန်ကုန် ဇန်နဝါရီ ၉

ပြည်တွင်း စားအုန်းဆီဈေးနှုန်း ပြောင်းလဲမှုနည်းနေသော်လည်း ပြည်ပဆီဈေးနှုန်းများ အပြောင်းအလဲများရှိနေကြောင်း၊ ပြည်တွင်းစားအုန်းဆီဈေးနှုန်းသည် ပြည်ပစားအုန်းဆီဈေးနှုန်းများအပေါ် မူမတည်ကြောင်း နေ့စဉ်စားအုန်းဆီဝယ်၍နယ်ပို့သည့် ကုန်သည်များက ဆိုသည်။

ဇန်နဝါရီ ၈ ရက်တွင် စားအုန်းဆီလက်ကားဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၁၃၇၀ နှုန်းရှိပြီး ဒီဇင်ဘာ ၂၂ ရက်မှ ယနေ့အထိ ဒိုင်ဖွင့်ရက် ၁၃ ရက်အတွင်း ငွေကျပ် ၁၃၅၀ မှ ၁၃၈၅ အတွင်းသာရှိပြီး ဒီဇင်ဘာ ၂၂ ရက်မတိုင်မီကာလများတွင် ၁၂၇၅ ကျပ်မှ ၁၃၁၅ ကျပ်အတွင်းသာရှိကြောင်း သိရသည်။

ကမ္ဘာ့စားအုန်းဆီဈေးနှုန်းမှာ ဒီဇင်ဘာ ၁၃ ရက်တွင် FOB တစ်တန် ၇၈၅ ဒေါ်လာ၊ အရင်းဈေးတစ်ပိဿာလျှင် ၁၃၀၈ ကျပ်၊ ဒီဇင်ဘာ ၂၁ ရက်တွင် ဒေါ်လာ ၈၀၀ နှုန်း၊ အရင်းဈေး ၁၃၄၂ ကျပ်၊ ဇန်နဝါရီ ၃ ရက်တွင် ဒေါ်လာ ၈၄၀၊ အရင်းဈေး ကျပ် ၁၄၁၀ နှုန်း၊ ဇန်နဝါရီ ၈ ရက်တွင် ဒေါ်လာ ၈၃၀၊ အရင်းဈေး ၁၃၉၄ ကျပ်နှုန်းရှိခဲ့သည်ဟု သိရရာ ပြည်တွင်းစားအုန်းဆီဈေးနှုန်းများသည် ပြည်ပဈေးနှုန်းများအပေါ် အဓိကမူတည်ပြောင်းလဲခြင်းမရှိဘဲ ဈေးကွက်အတွင်း ဝယ်လိုအားနှင့် ရောင်းလိုအားပေါ်တွင်သာ မူတည်ပြောင်းလဲနေသဖြင့် နေ့စဉ်ဆီဝယ်ယူသူ ကုန်သည်များ ဆီဈေးနှုန်းခန့်မှန်းရန် မလွယ်ကူကြောင်း သိရသည်။

လက်ရှိဆီဈေးကွက်တွင် CP 8 အမျိုးအစားသာမက ယင်းထက် အဆင့်မြင့်သော CP 6 အမျိုးအစားပါ ဝင်ရောက်လာလျက်ရှိရာ လက်ငင်းဆီဝယ်ယူသူများ ဆီအရည်အသွေးကို မျက်မြင်ကြည့်ဝယ်ပြီး နယ်ပို့နေရသည်ဟု ဆိုသည်။ အဆင့်နိမ့် CP 10 အမျိုးအစားများ တင်သွင်းမှုမရှိသည်မှာတစ်နှစ်ဝန်းကျင်ရှိပြီဖြစ်သော်လည်း အရည်အသွေးနိမ့် CP 10 စားအုန်းဆီ အချို့ကို ရာသီဥတုအေးသော ယခုကာလ တွင် တွေ့နေရသည်ဟု သိရသည်။

(ခင်ဆိုင်)

ဒုတိယဥက္ကဋ္ဌ
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
းရေးမှူး
တွင်းရေးမှူး
းမှာ အောက်ပါ
အင်လိုအပ်ချက်
ားပေါ်မူတည်၍
y)ကို ရေးဆွဲရန်။
န်းများကို အမျိုး
်ဆောင်နိုင်ရေး
ိုးမျဉ်း (Energy
သည် အရည်
ကန်းများဖြစ်ပေါ်
်းလဲလုပ်ဆောင်
ကာ်မရှင်၊ မြန်မာ
နိုင်းဆောင်ရွက်
လာလိုအပ်ချက်
ကောင်အထည်
ဖြရှင်းပေးရန်။
မှုနှင့် ပြည်တွင်း
အခြေခံ၍ တိုးမြှင့်
ပးနိုင်ရန် ရေရှည်
သည့်အချိန်တွင်
၍ လျှပ်စစ်ဓာတ်
န်းကျင်ထိခိုက်မှု

မရှိစေရေး အလေးထား၍ Clean Coal Technology (CCT)အား အသုံးချရေးစီမံဆောင်ရွက်သွားရန်။

(ဇ) သဘာဝသယံဇာတ အရင်းအမြစ်များဖြစ်သည့် နေအား၊ ရေအား၊ လေအား၊ ဘူမိစွမ်းအင်၊ အခြားဇီဝနှင့် စွန့်ပစ်ပစ္စည်းလောင်စာတို့ကို အသုံးပြု၍ ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေးအတွက် နေရာဒေသနှင့် ရေမြေအခြေအနေပေါ်မူတည်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်သွားစေရန်။

(ဈ) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည့်စုံလုံလောက်သော စွမ်းအင်အထောက်အပံ့ရရှိနိုင်စေရေး လိုအပ်သော အစီအမံများ ချမှတ်ပေးရန်။

(ည) စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတို့သည် အပြန်အလှန်ဆက်စပ် မှီခိုမှုရှိနေသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများရေးဆွဲရာတွင် ကဏ္ဍ(၃)ခုစလုံး အချိတ်အဆက်မိစေရေး စနစ်တကျစီမံဆောင်ရွက်သွားရန်။

(ဋ) ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သဘာဝသယံဇာတအရင်းအမြစ်များကို ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဦးစားပေးဆောင်ရွက်ရန်အတွက် ကြပ်မတ်စီမံကွပ်ကဲသွားရန်။

(ဌ) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအား ပြည်တွင်းပြည်ပပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်ရာတွင် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရေးအတွက် စီမံဆောင်ရွက်ရန်။

(ဍ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရရှိမှုကို ကုန်ကြမ်းအတိုင်းရောင်းချမှုမှ တန်ဖိုးမြှင့် ရေနံဓာတု ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချရေးသို့ ပြုပြင်ပြောင်းလဲဆောင်ရွက်သွားစေရန်။

(ဎ) စိုက်ပျိုးရေးကဏ္ဍ၏ ယူရီးယားဓာတ်မြေဩဇာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ထုတ်လုပ်မှုလျာထားချက်ရေးဆွဲစေပြီး လျာထားချက်နှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ညှိနှိုင်းစီမံခန့်ခွဲ ဖြည့်ဆည်းပေးရန်။

(ဏ) စွမ်းအင်တန်ဖိုးသတ်မှတ်ရာတွင် နိုင်ငံတကာဈေးနှုန်းများနှင့်အညီ သုံးစွဲသူနှင့် ရင်းနှီးမြှုပ်နှံသူ နှစ်ဦးနှစ်ဖက်အဆင်ပြေစေရေး ဈေးနှုန်းမူဝါဒကိုချမှတ်ပေးရန်။

(တ) စွမ်းအင်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စီမံကိန်းမစတင်မီ လုပ်ငန်းဆောင်ရွက်မည့်ဒေသ၏ လူမှုစီးပွားကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေတို့ကို လေ့လာမှုများပြုလုပ်၍ လေ့လာတွေ့ရှိသည့် (Environmental Impact Assessment, Social Impact Assessment)များ မဖြစ်မနေ ဆောင်ရွက်စေပြီး ပြည်သူများ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးနိုင်ရေး ဆောင်ရွက်သွားရန်။

(ထ) နိုင်ငံတော်၏စက်မှုကဏ္ဍ၊သယ်ယူပို့ဆောင်ရေးကဏ္ဍ၊အိမ်သုံး (House Hold))ကဏ္ဍတို့၌ စွမ်းအင်သုံးစွဲမှု အကျိုးရှိထိရောက်စွာသုံးစွဲရေးအတွက် ရည်မှန်းချက်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားစေရန်နှင့်စွမ်းအင်လေလွင့်ဆုံးရှုံးမှုများမရှိစေရေးကို အလေးထားဆောင်ရွက်သွားစေရန်။

(ဒ) စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂလိကများကို တိုးချဲ့ဖိတ်ခေါ်ဆောင်ရွက်ရေးနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးအတွက် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရန်။

(ဓ) အာဆီယံဒေသတွင်း မြို့ပြသုံးနျူကလီးယားစွမ်းအင်ကဏ္ဍဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး လိုအပ်သောလေ့လာဆန်းစစ်မှုများ ပြုလုပ်သွားစေရန်။

(န) လတ်တလောအကျပ်အတည်းသာမက ရေရှည်နှစ်ပေါင်းများစွာ မျိုးဆက်သစ်များ၏ အနာဂတ်ဘဝများကိုပါ လွှမ်းခြုံနိုင်စေမည့် အမျိုးသားစွမ်းအင်လုံခြုံရေးမဟာဗျူဟာ (National Energy Security Strategy) တစ်ရပ်ရေးဆွဲအကောင်အထည်ဖော်ရန်။

(ပ) ရေးဆွဲသည့် အမျိုးသားစွမ်းအင်မူဝါဒနှင့် အမျိုးသားစွမ်းအင်လုံခြုံရေးမဟာဗျူဟာတို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပေါ်ထွန်းလာစေရေး စီမံဆောင်ရွက်ပေးရန်။

(ဖ) အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးများ ကျင်းပချိန်များတွင် သမ္မတရုံးဝန်ကြီးဌာန(၃)နှင့် သမ္မတရုံးဝန်ကြီးဌာန(၅)၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဝင်)နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(သတ္တုနှင့်သယံဇာတရေးရာကော်မတီဝင်)တို့ တက်ရောက်နိုင်ရေး ဖိတ်ကြားသွားရန်။

၃။ **စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
စွမ်းအင်ဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတ္တုတွင်းဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဈ) ဦးဖေကြည် — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန

(ည) ဒေါက်တာသိန်းထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဋ) ဒေါ်ကျော်ကျော်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန

(ဌ) ဦးသောင်းဝင်း — အဖွဲ့ဝင်
(ဥက္ကဋ္ဌ
စွမ်းအင်နှင့်ပြန်ပြည့်မြဲစွမ်းအင်ကော်မတီ)
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ဍ) ဦးဝင်းကြိုင် — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်
မြန်မာပြန်ပြည့်မြဲစွမ်းအင်အသင်း

(ဎ) ဥက္ကဋ္ဌမှအဆိုပြုသူ — အတွင်းရေးမှူး

(၄) စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီမှ စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် စီမံကိန်းရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ပေးရန်။

(ခ) နိုင်ငံပိုင်အခန်းကဏ္ဍအချိုးအစားနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍအချိုးအစား ပြောင်းလဲလုပ်ဆောင်မည့်အစီအစဉ်များကို သက်ဆိုင်ရာတို့နှင့် ပူးပေါင်းပြီးညှိနှိုင်းဆောင်ရွက်သွားရန်။

(ဂ) စက်မှုနိုင်ငံဖြစ်ရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရည်မှန်းဆောင်ရွက်ရာတွင် အဓိကအလိုအပ်ဆုံးဖြစ်သော စွမ်းအင်ကဏ္ဍနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့သည် အပြန်အလှန်ဆက်စပ်မှီခိုနေသဖြင့် Energy Plan နှင့် Industrial Development Plan တို့ကို စနစ်တကျ ချိတ်ဆက်စီမံဆောင်ရွက်သွားရန်။

(ဃ) နိုင်ငံ၏ သဘာဝသယံဇာတအရင်းအမြစ်ကို ကုန်ကြမ်းအတိုင်း ထုတ်လုပ်ရောင်းချမှုမှ တန်ဖိုးမြှင့်ကုန်စည် (Value Added Product) များကို ထုတ်လုပ်ရောင်းချနိုင်ရေး၊ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားရန်။

(င) စွမ်းအင်ကဏ္ဍစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မူဝါဒနှင့် ဆုံးဖြတ်ချက်များချမှတ်ခြင်း (Policy Making and Decision Making) ပြုလုပ်နိုင်ရေးအတွက် ကိန်းဂဏန်းစာရင်းအင်းများ အရည်အသွေးပြည့်ဝရေးနှင့် တိကျမှန်ကန်ရေးသည် အဓိကကျသဖြင့် မြေပြင်ကွင်းဆင်း၍ တိတိကျကျ ကောက်ယူစေခြင်း(Check, Recheck,Counter Check)ဖြင့် ကွက်ကောက် ပြန်လည်စစ်ဆေးစေခြင်း၊ ဖြစ်နိုင်စွမ်းလေ့လာခြင်း (Feasibility Study)တို့ကို ဆောင်ရွက်စေခြင်းဖြင့် ခိုင်မာမှန်ကန်သည့် ကိန်းဂဏန်းစာရင်းအင်းသတင်းအချက်အလက်များရရှိရေးကို အလေးထားဆောင်ရွက်ရန်။

(စ) စွမ်းအင်လိုအပ်မှု ကြိုတင်ခန့်မှန်းခြင်းကို နှစ်အလိုက် ကာလတို၊ ကာလရှည် အနီးစပ်ဆုံးလိုအပ်ချက်ရရှိစေရေး စွမ်းအင်ကဏ္ဍတွင် ပါဝင်သူများ၏ အကြံဉာဏ်နှင့် ပူးပေါင်းဆောင်ရွက်မှုကိုရယူ၍ ရေးဆွဲဆောင်ရွက်ပေးရန်။

(ဆ) အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေးကော်မတီမှ ချမှတ်ထားသော စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့်အညီ စီမံကိန်းများ ရေးဆွဲရာတွင်နှစ်အလိုက် ကာလတို၊ ကာလရှည်ရည်မှန်းချက်နှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်သွားရန်။

(ဇ) နှစ်အလိုက် ကာလတို၊ ကာလရှည် ချမှတ်ဆောင်ရွက်ထားသည့် ရည်မှန်းချက်နှင့် လုပ်ထုံးလုပ်နည်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက် အားသာချက်များကို ပြန်လည်သုံးသပ်၍ လိုအပ်ပါက ရည်မှန်းချက်နှင့်လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲရန်။

(ဈ) စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အခွင့်အလမ်းများနှင့် ကန့်သတ်ချက်များကို လေ့လာသုံးသပ်၍ ရည်မှန်းချက်၊ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန်။

(ည) ပြည်ထောင်စုအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုအပိုင်း၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုအပိုင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ရင်းနှီးမြှုပ်နှံထုတ်လုပ်သည့်အပိုင်းများ တိုးတက်အောင်ဆောင်ရွက်ရန်နှင့် ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရေး စီမံချက်ချမှတ်ဆောင်ရွက်ရန်။

(ဋ) စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် စွမ်းအင်အမျိုးအစားအလိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ရန်နှင့် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်။

(ဌ) မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော စွမ်းအင်ကဏ္ဍဆုံးရှုံးမှုများအတွက်အရေးပေါ်ဖြည့်ဆည်းမှုများ ပြုလုပ်နိုင်ရန် စွမ်းအင်အရန်ထားရှိနိုင်ရေးမူ ချမှတ်ဆောင်ရွက်သွားရန်။

(ဍ) စွမ်းအင်ကဏ္ဍထုတ်ကုန်များအပေါ် ဝယ်ယူခြင်း၊ ရောင်းချခြင်းများအတွက် ဈေးနှုန်းမူဝါဒ (Pricing Policy) နှင့် ဈေးနှုန်းသတ်မှတ်ရေးကော်မတီ (Pricing Committee) များ ဖွဲ့စည်းဆောင်ရွက်ရန်။

(ဎ) ပြည်ပအဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရာတွင် ပြည်တွင်း လုပ်ငန်းရှင်များမှ ပါဝင်ရင်းနှီးမြှုပ်နှံလိုပါက စိစစ်ရွေးချယ်ထားသော ကုမ္ပဏီများ သို့မဟုတ် အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ တွဲဖက်၍လုပ်ငန်းဆောင်ရွက်ခွင့်ပြုနိုင်ရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန်။

(ဏ) နေစွမ်းအင်၊ လေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ဇီဝဒြပ်ထုနှင့် ဇီဝလောင်စာဆီ စသည့် ပြန်လည်ပြည့်ဖြိုးသော စွမ်းအင်လုပ်ငန်းများတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာစေရေး ဆွဲဆောင်နိုင်သည့် အစီအစဉ်များကို ကြိုတင်ချမှတ်ဆောင်ရွက်သွားရန်။

(တ) ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စွမ်းအင်ဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပါဝင်နိုင်ရေးအတွက် စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်သွားရန်။

(ထ) စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းမှပညာရှင်များနှင့် ပူးပေါင်း၍ နည်းပညာနှင့်စီမံခန့်ခွဲမှုတွင် အတွေ့အကြုံရှိသော နိုင်ငံတကာမှ အဖွဲ့အစည်းများ၏ အကူအညီကိုရှာဖွေခြင်း၊ အတိုင်ပင်ခံ အဖွဲ့အစည်းများ ငှားရမ်း၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲရေးနှင့်နည်းပညာပိုင်းဆိုင်ရာ စံနှုန်းများ၊ သတ်မှတ်ချက်များ ပြဋ္ဌာန်းသတ်မှတ်နိုင်ရန် လေ့လာသုံးသပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်။

(ဒ) ပြည်တွင်းပြည်ပ ပညာရှင်များနှင့်ပေါင်းစပ်ညှိနှိုင်း၍ မီဒီယာများမှတစ်ဆင့်လည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့်လည်းကောင်း နိုင်ငံ့ဝန်ထမ်းများနှင့်ပုဂ္ဂလိကများကို နည်းပညာပိုင်းဆိုင်ရာ အသိပညာပေးဆောင်ရွက်ရန်နှင့်ပြည်တွင်းပြည်ပသို့စေလွှတ်၍ နည်းပညာပိုင်းဆိုင်ရာ ပညာရပ်များကို သင့်လျော်သလို လေ့လာသင်ယူစေရန်။

(ဓ) နိုင်ငံတကာငွေကြေးထောက်ပံ့မှုဆိုင်ရာ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လိုအပ်သည့်ဘဏ္ဍာရေးဆိုင်ရာ အကူအညီများနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများကို ရနိုင်သမျှရှာဖွေ၍ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု ကော်မတီ၏ ဦးဆောင်မှုဖြင့် စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအား ဦးစားပေးရင်းနှီးမြှုပ်နှံသွားရန်။

(န) စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးချရေးအတွက် ဆက်စပ်အချက် အလက်များစုစည်းခြင်း၊ စွမ်းအင်ထိရောက်စွာ အသုံးချရေးစီမံချက်များ၊ စီမံကိန်းရေးဆွဲခြင်းများ ဆောင်ရွက်ရာတွင် နှစ်အလိုက်ကာလတို၊ ကာလရှည် ရည်မှန်းချက်နှင့်လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်သွားရန်။

(ပ) စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးချရေးအတွက် ဆက်စပ်အချက်အလက်များ စုစည်းခြင်း၊ စွမ်းအင်ထိရောက်စွာ အသုံးချရေးစီမံချက်များ၊ စီမံကိန်းများ ရေးဆွဲခြင်းများဆောင်ရွက်ပြီး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်စဉ်ကာလအတွင်း အခြားဆက်စပ်ကဏ္ဍများနှင့် ညှိနှိုင်းပေးရန်။

(ဖ) မြို့ပြသုံးနျူကလီးယားစွမ်းအင်ကဏ္ဍဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဒေသတွင်း အဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းတို့နှင့်ပူးပေါင်း၍ နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အနုပညာဦးစီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သမိုင်းသုတေသနဦးစီးဌာန

(န) ပါမောက္ခချုပ် — အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)

(ပ) ပါမောက္ခချုပ် — အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)

(ဖ) ပါမောက္ခချုပ် — အဖွဲ့ဝင်
မနုဿဗေဒဌာန
ရန်ကုန်တက္ကသိုလ်

(ဗ) ဒေါက်တာတိုးလှ — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာသမိုင်းအဖွဲ့

(ဘ) ဦးကျော်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ယဉ်ကျေးမှုဝန်ကြီးဌာန

(မ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ
အစည်းအရုံး

(ယ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံသဘင်ပညာရှင်များ
အစည်းအရုံး

(ရ) ဒေါက်တာကျော်လတ် — အဖွဲ့ဝင်
ဗိသုကာပညာရှင်
မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း

(လ) ဦးဆန်းဦး — အဖွဲ့ဝင်
ဗိသုကာပညာရှင်
မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း

(ဝ) ဦးသန်းမြင့် — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(သ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ယဉ်ကျေးမှုဝန်ကြီးဌာန

(ဟ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ရှေးဟောင်းသုတေသန၊
အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန

၂။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံ၏ ရှေးဟောင်းဒေသများအနက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအဖြစ် သတ်မှတ်သင့်သည့်ဒေသများနှင့်နယ်မြေ အပိုင်းအခြားကို သတ်မှတ်ပြဋ္ဌာန်းပေးရန်။

(ခ) နိုင်ငံတော်အစိုးရက မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်သင့်သည်ဟုယူဆသော ရှေးဟောင်းနေရာ၊ ရှေးဟောင်း အဆောက်အအုံ၊ ရှေးဟောင်းပစ္စည်းများကို ဖော်ထုတ်စာရင်းပြုစုရန်အတွက် လမ်းညွှန်စာရင်းပြုစုရန်။

(ဂ) ယဉ်ကျေးမှုဒေသအတွင်း၌ဖြစ်စေ၊ ဒေသတစ်ဆက်တစ်စပ်တည်း မြင်ကွင်းတစ်ခုတည်းဖြစ်၍အကာအကွယ်ပေးရန်လိုအပ်သော ဆက်စပ်နယ်မြေ၌ဖြစ်စေ နေထိုင်ရန်လူနေအိမ်ခြေ တိုက်တာအဆောက်အအုံများ၊ လူသွားလမ်း၊ယာဉ်သွားလမ်းများ၊ အသက်မွေးမှုအတွက် လယ်ယာများ၊ အခြားစီးပွားရေးလုပ်ငန်းများ အစရှိသည်တို့အတွက် ဆောင်ရွက်ခွင့်နှင့် မြေအသုံးချခွင့်ကို ထိန်းသိမ်းကန့်သတ်ပေးရန်။

(ဃ) ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဥပဒေ၊ နည်းဥပဒေများရေးဆွဲခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းပြုနိုင်ရေးအတွက် လိုအပ်သလိုတင်ပြဆောင်ရွက်ရန်။

(င) ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းတွင် နိုင်ငံတကာ အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒချမှတ်ပေးရန်။

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုလုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်။

(ဆ) နိုင်ငံတော်၏ ယဉ်ကျေးမှုမူဝါဒဖြစ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့ကို ဆောင်ရွက်ရန်အတွက် မူဝါဒများချမှတ်ပေးရန်။

(ဇ) လူငယ်ထုအတွင်း မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို စိတ်ဝင်စားတန်ဖိုးထားလေးစားစေရေးအတွက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အခြေခံမပျက်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်။

(ဈ) မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီး၊ ဇာတ်သဘင်၊ ပြဇာတ်၊ ယိမ်း၊ အငြိမ့်၊ ဇာတ်တော်ကြီးများ၊ တိုင်းရင်းသား ရိုးရာအက၊ ဂီတများနှင့်ပန်းဆယ်မျိုးအတတ်ပညာများစသည်တို့ကို စဉ်ဆက်မပြတ် လေ့လာ၊ ဖော်ထုတ်၊ ထိန်းသိမ်း၊ ပြန့်ပွားစေရေးဆောင်ရွက်ရန်။

(ည) မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအနုပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပိုမိုမြင့်မားလာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်။

(ဋ) မြန်မာနိုင်ငံရှိ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များအား ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းရေးအတည်ပြုပေးရန်။

(ဌ) သက်ဆိုင်ရာဌာနက စာရင်းကောက်ယူထားပြီးတင်ပြလာသော ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းများအား ကမ္ဘာ့အမွေအနှစ်အဆင့်၊ အမျိုးသားအဆင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် သတ်မှတ်ပေးရန်။

(ဍ) ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ပြတိုက်များတွင်ပြသထားသော ပြသပစ္စည်းများစုဆောင်းထားရှိမှု၊ ခင်းကျင်းပြသပုံစနစ်၊ ပြတိုက်တည်ရှိရာ ဒေသခံပြည်သူများအပေါ် ပြတိုက်ပညာပေးရေး ဆောင်ရွက်နိုင်မှု၊ အဆောက်အအုံပိုင်းဆိုင်ရာ ကောင်းမွန်မှုတို့အပေါ် အခြေခံကာ ပြတိုက်များကို အဆင့်သတ်မှတ်ပေးရန်။

(ဎ) တိုင်းရင်းသားများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ယဉ်ကျေးမှုဓလေ့ထုံးစံများကို ရှာဖွေဖော်ထုတ်စာရင်းပြုစုရန်။

(ဏ) အမျိုးသားပြတိုက်နှင့် ပြတိုက်များတည်ထောင်ဖွင့်လှစ်ခြင်းဆိုင်ရာဥပဒေကို ရေးဆွဲသတ်မှတ်နိုင်ရေးအတွက် မူဝါဒများချမှတ်ပေးရန်။

(တ) အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသည့်ဥပဒေရေးဆွဲ သတ်မှတ်နိုင်ရေးအတွက် မူဝါဒများချမှတ်ပေးရန်။

(ထ) သမိုင်းဝင်နေရာများဆိုင်ရာ အထိမ်းအမှတ်ဉယျာဉ်၊ ရှေးဟောင်းသုတေသနဆိုင်ရာအထိမ်းအမှတ်ဉယျာဉ်တို့အား ဖော်ထုတ်တိုးချဲ့သတ်မှတ်ရန်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၁)ကို ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လွှတ်တော်ရေးရာကဏ္ဍ

❇ ပြည်သူ့လွှတ်တော် မှ

လွှတ်တော်အတွင်း၌ ဆောင်ရွက်ကြရပြီး လွှတ်တော်ပြင်ပတွင်မူ ပြည်သူများထံ သွားရောက်၍ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများ ကြားအောင်နားထောင်၊ မြင်အောင်ကြည့်ပြီး မှန်ကန်စွာ သုံးသပ်ကာ အုပ်ချုပ်ရေးတွင် တာဝန်ရှိသူများ၊ တရားစီရင်ရေးတွင် တာဝန်ရှိသူများနှင့် သက်ဆိုင်သော အဖွဲ့အစည်းများနှင့် တရားနည်းလမ်းတကျ မျှမျှတတအသိပေး ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အပ်နှင့်ထွင်းရမည့်ကိစ္စကို ပုဆိန်ဖြင့် ပေါက်စရာမလိုဘဲ အချိန်မီ ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် အစီအစဉ်အခု(၂၀)ပါရှိပြီး ပဥ္စမနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေးကြား ကာလအတွင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်(၅)ခုနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခြင်းနှင့် မေးခွန်း (၆)ခု မေးမြန်းဖြေကြားခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ထို့ပြင် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်ကလည်း ပဥ္စမပုံမှန်အစည်းအဝေးတွင် ကျန်ရှိသည့် မေးခွန်းများအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက စာဖြင့်ဖြေကြားလာခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း(၃၄၁)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၂၅၆)ခု စုစုပေါင်း (၅၉၇)ခုရှိခဲ့ပြီး ကြယ်ပွင့်ပြ မေးခွန်းများအနက် မေးခွန်း(၈၅)ခုကို မေးမြန်းခဲ့ပြီးဖြစ်သည်။ ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်း (၂၅၆)ခုအနက် ယခုနှစ် ဇန်နဝါရီ ၆ ရက်အထိ သက်ဆိုင်ရာဌာနများမှ မေးခွန်း(၂၄၈)ခုအတွက် ဖြေကြားချက်များရရှိပြီးဖြစ်သဖြင့် ဖြေကြားရန်မေးခွန်း(၈)ခု ကျန်ရှိသည်။

ကြယ်ပွင့်မပြ မေးခွန်း (၂၅၆)ခုအနက် သက်ဆိုင်ရာဌာနများမှ မေးခွန်း (၂၄၇)ခုအတွက် ဖြေကြားချက်ရရှိပြီးဖြစ်သည့်အတွက် ဖြေကြားရန် မေးခွန်း (၉)ခုကျန်ရှိကြောင်း သိရသည်။

ဥပဒေကြမ်းများနှင့် ပတ်သက်၍ ဥပဒေကြမ်းတင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က **၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက **၁၉၉၃ခုနှစ် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း** တို့ကို တင်သွင်းကြသည်။

ဖတ်ကြားရှင်းလင်း

အလားတူ ဥပဒေကြမ်းကော်မတီက **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဥပဒေကြမ်း၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကြမ်း၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့် **၁၉၉၃ ခုနှစ် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း** တို့နှင့်ပတ်သက်သည့် အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်းတင်သွင်းသည်။

ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသော **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က "ရရှိနိုင်မယ့် အကျိုးကျေးဇူးတွေကတော့ ဥပဒေထဲမှာပါပြီးသားဖြစ်ပါတယ်။ တကယ်လို့ ဒီဥပဒေပြဋ္ဌာန်းပြီးရင်တော့ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ သဘာဝပတ်ဝန်းကျင် ပြုပြင်ပြောင်းလဲရေးစတဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ၊ ထိန်းသိမ်းရေးလုပ်ငန်းတွေကို ပွင့်လင်းမြင်သာစွာနဲ့ မြန်မြန်ဆန်ဆန်၊ လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ယင်းဥပဒေကြမ်းတွင် အခန်း(၈)ခန်းနှင့် ပုဒ်မပေါင်း(၄၀) ပါရှိပြီး သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ရန် အမျိုးသားကော်မတီနှင့်ဒေသဆိုင်ရာအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပအစိုးရဌာန အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပင်လယ်ရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းကာကွယ်ရန်နှင့် ဘေးသင့်ပြည်သူများအား ပိုမိုကောင်းမွန်သည့် လူမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးရန် စသည့် ရည်ရွယ်ချက် (၄)ရပ်ဖြင့် ပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်ကျင်းပ

ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❇ အမျိုးသားလွှတ်တော် မှ

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မိမိတို့လွှတ်တော်ကာလသည် (၂) နှစ်ပြည့်ရန် အနည်းငယ်သာလိုတော့ပါကြောင်း၊ ယခုတစ်ပတ်တွင် မေးခွန်းမေးမြန်းခြင်းနှင့်ပတ်သက်၍ အနည်းငယ်ပြောလိုပါကြောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၆ နှုတ်ဖြင့် ဖြေဆိုရမည့်မေးခွန်းမေးမြန်းခြင်းနှင့် စပ်လျဉ်း၍ ဖြေကြားသောအဖြေကို ရှင်းလင်းစေရန်အလို့ငှာ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းနိုင်ပါကြောင်း၊သို့ရာတွင် ယင်းမေးခွန်းသည် နည်းဥပဒေများနှင့် ဆန့်ကျင်နေသည်ဟု ယူဆပါက ဥက္ကဋ္ဌက ခွင့်မပြုရဟု ပြဋ္ဌာန်းထားပါကြောင်း၊ လွှတ်တော်ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ လွှတ်တော်စတင်သည့် အချိန်ကတည်းက ဥပဒေ၊နည်းဥပဒေ အတိုကောက်များကို ရေးသားဖြန့်ဝေထားပါကြောင်း၊ ပြီးခဲ့ သည့်လွှတ်တော်ကာလတွင် မေးခွန်းမေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ၎င်းမေးမြန်းခဲ့သည့် မေးခွန်း၏ အဖြေအပေါ် ကျေနပ်ဖွယ်ရာ မရရှိခဲ့ကြောင်း သိရှိလိုက်ရသော်လည်း လွှတ်တော်ဥက္ကဋ္ဌက ဖြေကြားပြီးသည့်အခါ ယင်းမေးခွန်းရှင်က လွှတ်တော်ဥက္ကဋ္ဌကို တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့် မတောင်းခံခဲ့ပါကြောင်း၊တစ်ဆက်တစ်စပ်တည်း မေးခွန်းဆိုသည်မှာ မိမိမေးသည့် မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားချက်ကို ကျေနပ်လက်ခံနိုင်ဖွယ်မရှိလျှင် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏လုပ်ငန်းမှာပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ဖော်ဆောင်ရခြင်းဖြစ်သည့်အတွက်မေးခွန်းများ များပြားပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၁၂၆ (င)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လွှတ်တော်ကိုယ်စားလှယ်သည် မိမိဆွေးနွေးမည့် အကြောင်းကိစ္စနှင့်ပတ်သက်၍ အတိုချုပ်သာဆွေးနွေးရမည်ဟု ဆိုထားသည့်အတွက် မေးခွန်းများကိုတတ်နိုင်သမျှတိုတိုနှင့်လိုရင်းသာမေးမြန်းရန် တိုက်တွန်းလိုပါကြောင်း၊ ဖြေကြားသည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း အတိုချုပ်သာဖြေကြားရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အပြင် ၎င်းနည်းဥပဒေများ ၁၂၂ တွင် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းဖြစ်သည်ဟု ဥက္ကဋ္ဌက သတ်မှတ်သော မေးခွန်းများနှင့် ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းနိုင်သည်ဆိုပြီး ဖော်ပြထားသည့်ကိစ္စမှာ အလွန်တန်ဖိုးရှိပါကြောင်း၊ ထို့ကြောင့်(၂)နှစ်ဆိုသည့်ကာလကို ဖြတ်သန်းလာပြီးသည့် နောက်တွင် မိမိတို့နှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများကို ကျေညက်စွာလေ့လာပြီး ပြည်သူ့အတွက် ထမ်းဆောင်သည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြပါစေဟု တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် အစီအစဉ်(၁၆)ခုပါရှိပြီး မေးခွန်း(၅)ခု မေးမြန်းဖြေကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **(၄)ကြိမ်မြောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသ (The 4th GMS)၏ ချမှတ်ထားသော အစီအစဉ်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် မည်ရွေ့မည်မျှ လုပ်ငန်းအဆင့်ဆင့်ကို အကောင်အထည်ဖော်ထားသည်ကို**သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံ နေပြည်တော်၌ကျင်းပခဲ့သည့် စတုတ္ထအကြိမ် မဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတွင် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက်လမ်းညွှန်အဖြစ် မဲခေါင်ဒေသခွဲ မဟာဗျူဟာမူဘောင်သစ် (၂၀၁၂-၂၀၂၂)ကို အတည်ပြုခဲ့ပါကြောင်း၊ မဟာဗျူဟာမူဘောင်သစ်အရ ဂျီအမ်အက်စ်အစီအစဉ်အနေနှင့် အနာဂတ်တွင် ကြုံတွေ့ရမည့် အခက်အခဲများနှင့်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက်ဆောင်ရွက်မည့် ဦးတည်ချက်ကို အ ဖွဲ့ဝင်နိုင်ငံများမှ ချမှတ်ခဲ့ကြပါကြောင်း၊ ထိုသို့ချမှတ်ထားရာတွင် အဓိကအားဖြင့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက် အလေးပေးဆောင်ရွက်သွားရန်နှင့် ယင်းကို ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ဒေသအဆင့်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာမူဝါဒ၊ ဖွဲ့စည်းမှု၊ အသိပညာနှင့်နိုင်ငံများအကြား ပေါင်းစည်းညှိနှိုင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုစူးစိုက်ဆောင်ရွက်ရန် ပါရှိပါကြောင်း။

GMS BIC ၏ GMS FRETA and Multimodal Transport Development in GMS Sessions တွင် GMS နိုင်ငံများမှ ကုန်စည်ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာစာတမ်းများ၊ ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးအတွက်လိုအပ်ချက်များဆိုင်ရာ စာတမ်းများ တင်ပြဆွေးနွေးခဲ့ပါကြောင်း၊ GMS SME Credit Guarantee Scheme and Promotion of Mutual Investment in GMS Session တွင် မဲခေါင်ဒေသတွင်း အသေးစားနှင့် အလတ်စားချေးငွေအာမခံအစီအစဉ်များ၊ စီးပွားရေးစကြံ့တစ်လျှောက် စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်းများ တင်ပြဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

GMS (၆)နိုင်ငံအကြား Freight & Transport Association ဖွဲ့စည်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုးပြီးဖြစ်ပါကြောင်း၊ မဲခေါင်ဒေသတွင်း ကုန်စည်ပို့ဆောင်ရေးအသင်း ဖွဲ့စည်းရန် (၄)ကြိမ်မြောက် မဲခေါင်ညီလာခံတွင် GMS နိုင်ငံများရှိ GMS BF ဥက္ကဋ္ဌများမှ သဘောတူညီချက်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ စတုတ္ထအကြိမ်မဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံ များဖိုရမ်နှင့် ဂျီအမ်အက်စ် အဆင့်မြင့်အရာရှိများ အစည်းအဝေး လက်ခံကျင်းပခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေနှင့် ၂၀၁၂ ခုနှစ် ဇွန် ၂၈ ရက်မှ ၂၉ ရက်အထိ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ စတုတ္ထအကြိမ်မဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံ များဖိုရမ်နှင့် ဂျီအမ်အက်စ်အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မူဘောင်ဦးဆောင်အစည်းအဝေးကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ ၂၅ ရက်အထိ (၁၆)ကြိမ်မြောက်မဲခေါင်ဒေသခွဲ သယ်ယူပို့ဆောင်ရေးဖိုရမ်ကို နေပြည်တော်၌လည်းကောင်း လက်ခံကျင်းပခဲ့ပါကြောင်း။

(၁၆)ကြိမ်မြောက် မဲခေါင်ဒေသခွဲ သယ်ယူပို့ဆောင်ရေးဖိုရမ်တွင် မြန်မာနိုင်ငံအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ လေ့လာပြုစုသည့် Myanmar Transport Sector Initial Assessment ကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂ ရက်အထိ ရန်ကုန်မြို့၌ (၁၁)ကြိမ်မြောက် မဲခေါင်ဒေသခွဲ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပြီး မဲခေါင်ဒေသခွဲ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်နှင့် ရှေ့လုပ်ငန်းအစီအစဉ် (၂၀၁၃-၂၀၁၇)ကိုလည်းကောင်း၊ MOU for the Joint Action to Reduce HIV Vulnerability Related to Population Movement in the GMS အကောင်အထည် ဖော်နိုင်ရေးအတွက် Draft Action Plan (2012-2014) ကိုလည်းကောင်း အတည်ပြုခဲ့ပါကြောင်း။

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၆ရက်မှ ၂၇ ရက်နေ့အထိ ရန်ကုန်မြို့တွင် GMS Joint Working Group (WG) and 13th Meeting of the Regional Power Trade Coordination Committee (RPTCC-13) အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါကြောင်း။

မဲခေါင်ဒေသခွဲ ရထားအသင်းထူထောင်ရေး (Establishment of GMS Railways Association-GMRA) ကို ကနဦးတွင် non-legal body ဆောင်ရွက်ရန် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် မဲခေါင်ဒေသခွဲ ဝန်ကြီးများအစည်းအဝေးတွင် သဘောတူခဲ့ကြပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **အထည်ချုပ်လုပ်ငန်းများတွင် တိုင်းရင်းသားအမည်ခံ နိုင်ငံခြားသားလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်နေသည့် စီးပွားရေးမသမာမှုများကို ဖော်ထုတ်အရေးယူရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရှင်းလင်းဖြေကြားရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် အထည်ချုပ်လုပ်ငန်းများအနက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြောင်းလဲနိုင်ရေး ဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံသားလုပ်သားများ မူလအခြေမပျက် ဆက်လက်လုပ်ကိုင်နိုင်ရေးရည်ရွယ်ကာ နိုင်ငံသားအမည်ခံ ရင်းနှီးမြှုပ်နှံမှုများအား နိုင်ငံခြားသားပိုင် ရင်းနှီးမြှုပ်နှံမှုအဖြစ် စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်က အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၂ ကို ၂၇-၂-၂၀၁၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ပြန်လည်တည့်မတ် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဤသို့ နည်းလမ်းတကျ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးပြီးဖြစ်သည့်အတွက် အထည်ချုပ်လုပ်ငန်းများအပါအဝင် ကော်မရှင်က ခွင့်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်သော အဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးပြီး မမှန်မကန်ဆောင်ရွက်မှုများကို တွေ့ရှိပါက လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်သည်။

ထို့နောက် အမျိုးသားလွှတ်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဒေါ်နန်းနီနီအေးက လည်းကောင်း၊ အမျိုးသားလွှတ်တော် ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီ အစီအရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးတင်မောင်ဝင်းကလည်းကောင်း တင်သွင်းကြရာ လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်က **လူငယ်ဗဟိုပြု အခြေခံပညာ အထက်တန်းကျောင်းများတွင် ဒီမိုကရေစီကျင့်စဉ်များ လေ့ကျင့်ပျိုးထောင်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက **အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှု(Sanction)များအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာထွက်ကုန်များမပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ်လုံးဝပြေလျှော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားပါရန်** ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုတို့ကိုတင်သွင်းကြရာ ယင်းအဆိုများကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကကြေညာပြီး မွန်းတည့် ၁၂ နာရီတွင် အစည်းအဝေး ကျင်းပပြီးစီးသည်။ မျိုးသားလွှတ်တော် အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ် ရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ကော်မတီ ဥက္ကဋ္ဌ ဒေါ်နန်း နီ နီ အေး တင်သွင်းစဉ်။
(သတင်းစဉ်)

ကလေးပြပွဲ၊ ပြိုင်ပွဲဆုများချီးမြှင့်

ဂန့်ဂေါ ဇန်နဝါရီ ၉

ဂန့်ဂေါမြို့နယ်တွင် ကလေးပြပွဲ၊ ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဂန့်ဂေါခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခေတ္တဥက္ကဋ္ဌ ဒေါ်နန်းချယ်ရီဝင်းတို့နှင့် တာဝန်ရှိသူများက လွတ်လပ်ရေးမောင်မယ်ဆု နှစ်ဆု၊ ၁၃ လမှ ၁၈ လအရွယ် သုံးဆု၊ ခုနစ်လမှ တစ်နှစ်အရွယ်သုံးဆု၊ ခြောက်လအောက်အရွယ် သုံးဆုနှင့် အမြွာဆု နှစ်ဆုတို့ကို ချီးမြှင့်ပေးကြကြောင်း သိရသည်။

(၁၀၁)

စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်

ဂန့်ဂေါ ဇန်နဝါရီ ၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အသက် ၇၅ နှစ်အထက်နှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးပေါတင်(ငြိမ်း)နှင့် တာဝန်ရှိသူတို့က အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်း ၁၂ ဦးနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်း ၁၆ ဦးတို့အား ထောက်ပံ့ငွေများပေးအပ်ကြကြောင်း သိရသည်။

(၁၀၁)

မော်လူးဘူတာတွင် အမှတ် ၅၇ အဆန် / အမှတ် ၅၈ အစုန် ရထား ရပ်တန့်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

မော်လူး ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသရှိ ခရီးသွားပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးရုံး၏ လမ်းညွှန်ချက်အရ တိုင်းပို့ဆောင်ရေး မန်နေဂျာ အမှတ်(၂) တိုင်း၏ ညွှန်ကြားချက်ဖြင့် ဦးကြည်ဝင်း ဒုကြီးကြပ်ရေးမှူး (ပို့ဆောင်)အမှတ်(၂) တိုင်း ရွာထောင်သည် မော်လူးဘူတာရုံ အစည်းအဝေးခန်းမ၌ အမှတ် ၅၇ အဆန်/ အမှတ် ၅၈ အစုန်ရထား ရပ်တန့်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်၊ ဒုကြီးကြပ်ရေးမှူး(ပို့ဆောင်) ဦးကြည်ဝင်း၊ မော်လူး ဘူတာရုံပိုင်ကြီး (တာဝန်ခံ)ဦးစန်းလွင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက် ညှိနှိုင်းဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတိုက်နယ်သည် ကျေးရွာအုပ်စုပေါင်း ၁၀ အုပ်စု၊ ကျေးရွာပေါင်း ၄၃ ရွာ၊ အိမ်ခြေ ပေါင်း ၆၀၀၀ ကျော် လူဦးရေ လေးသောင်းကျော်ခန့်ရှိသည့် တိုက်နယ်ကြီးဖြစ်သည်။ ဗန်းမောက်မြို့နယ် မြောက်ဘက်ခြမ်း မန်ထုံဒေသမှ ကျေးရွာအုပ်စု ခြောက်အုပ်စုမှလည်း မော်လူးဘူတာကို အခြေပြုသွားလာလျက်ရှိသည်။ မော်လူးတိုက်နယ်ကိုလည်း မြို့နယ်(ခွဲ) အဆင့်တိုးမြှင့် ထားသည်ဟု သိရသည်။

အဆိုပါ အမှတ် ၅၇ အဆန်/ အမှတ် ၅၈ အစုန်(မန္တလေး)ရထားသည် မော်လူးဘူတာတွင် ရပ်တန့်ပေးပါက မော်လူးဒေသရှိ ခရီးသွားပြည်သူ၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (၁၇၁)

တရားမဝင်ဝယ်ယူမှုများလာသည့် ကန်ပက်လက်မြို့အနီးမှ ရိုးစိမ်းသစ်ခွများ

ကန်ပက်လက် ဇန်နဝါရီ ၉

ယခင်က အဝယ်မလိုက်ခဲ့၍ ကျင်တွဲကျေးရွာတစ်ဝိုက်တွင် ပေါများခဲ့သော ရိုးစိမ်းသစ်ခွများကို ယခုအခါ အရိုး၊ အမြစ်ပါမကျန်ဝယ်ယူလျက်ရှိပြီး တောတောင်အတွင်း အပင်ခုတ်လှဲ၍ သစ်ခွရှာဖွေသူများလာသောကြောင့် သစ်တောပျက်စီး၍သဘာဝပတ်ဝန်းကျင် ထိခိုက်လာနိုင်သည့်အပြင် နေ့စဉ် သောင်းနှင့်ချီ၍ လှိုင်လှိုင်ဝယ်ယူလျက် တရုတ်ပြည်သို့ တင်ပို့နေသည့်အတွက် မြန်မာ့သစ်တော၏ ဇီဝမျိုးစုံ ကြွယ်ဝမှုကို ခြိမ်းခြောက်လာပြီဖြစ်ကြောင်း ချင်းပြည်နယ် ကန်ပက်လက်မြို့ရှိ မြို့ခံအချို့က သုံးသပ်လျက်ရှိသည်။

ရိုးစိမ်းသစ်ခွအထွက်များသော ကန်ပက်လက်မြို့အနီးရှိ ကျင်တွဲကျေးရွာသည် မကွေးတိုင်းဒေသကြီးနှင့် နီးကပ်ပြီး ကန်ပက်လက်နှင့် မိုင် ၃၀ ကျော်သာ ဝေးကွာသောကြောင့် သစ်ခွမုဆိုးများ ငွေအရမြန်သော သစ်ခွရှာဖွေမှုကို ပိုမိုလုပ်ဆောင်လာကြခြင်းဖြစ်သည်။ ကျင်တွဲကျေးရွာတွင် ရိုးစိမ်းသစ်ခွများကို ပိဿာချိန် သောင်းနှင့်ချီ၍ မန္တလေးဘက်မှ လာရောက် ဝယ်ယူနေကြကြောင်း သိရပြီး အချိန်တစ်သောင်းကျော် မန္တလေးဈေးကွက်သို့ ရောက်နေပြီဖြစ်ကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

သစ်ခွပွဲစားများက တစ်ပိဿာ ငွေကျပ် လေးထောင်ဖြင့်ဝယ်ယူ၍ မန္တလေးဒိုင်တွင် ငွေကျပ် ရှစ်ထောင်ဖြင့် ပြန်သွင်းပြီး အချို့ပွဲစားများက ကိုယ်တိုင်တော၊ တောင်သို့လိုက်ပါ၍ ရှားပါးသစ်ခွများကိုပါ သစ်ခွမုဆိုးများအား ယူဆောင်ခိုင်းသည့်အတွက် ဒေသခံအချို့က သက်ဆိုင်ရာသို့ တိုင်ကြားကြကြောင်း သိရှိရပြီး သစ်ခွမျိုးစိတ်များမျိုးသုဉ်းမည့် အန္တရာယ်ကို စိုးရိမ်နေကြကြောင်း သိရသည်။

သစ်ခွပွဲစားများသည် ကျင်တွဲကျေးရွာမှတစ်ဆင့် မကွေးတိုင်းဒေသကြီး သီးရန်းကျေးရွာ၊ ထိုမှတစ်ဆင့် ချောက်၊ မန္တလေးသို့ ဝယ်ယူပို့ဆောင်ခြင်းဖြစ်ပြီး အချို့က မကွေးတိုင်းဒေသကြီးဘက်တွင် ဒိုင်များဖွင့်၍ ဝယ်ယူလျက်ရှိကြောင်း သိရှိရသည်။ (၁၆၄)

ရာသီမရွေးရောင်းဝယ်နိုင်သည့် ဖျာပုံ ဆိပ်ကမ်းသာယာဆယ်နာရီဈေး

ဖျာပုံ ဇန်နဝါရီ ၉

ဖျာပုံမြို့ ဆိပ်ကမ်းသာယာဈေးသို့ နေ့စဉ်နံနက် ၂ နာရီမှ ၁ နာရီအတွင်း ဒေသထွက်ကုန်အသီးသီးနှင့် အခြားဒေသများမှ လာရောက်ရောင်းချသော အသီးအနှံများကို ဈေးနှုန်းချိုသာစွာ ရောင်းဝယ်ကြသည်။ ထို့အပြင် အပတ်စဉ် စနေနေ့၊ ဗုဒ္ဓဟူးနေ့များတွင် ဟင်္သာတ၊ ညောင်တုန်း သင်္ဘောမှ သယ်ဆောင်လာသော အသီးအနှံများ ဈေးနှုန်းချိုသာစွာရောင်းဝယ်ကြပြီး အခြားဒေသများမှ လာရောက်ရောင်းဝယ်သည့် ကုန်သည်များမှ ပင်လယ်ထွက်ကုန်များကို ပြန်လည်ဝယ်ယူ၍ မြန်မာနိုင်ငံအနှံ့အပြားသို့ တင်ပို့ ရောင်းချကြသည်။ **(ဓပုံ)**

လာရောက်ရောင်းချသော ကုန်သည်တို့မှ "ကျွန်တော်တို့ပါလာသော ပြောင်း၊ ငရုတ်၊ ငရုတ်ပွ၊ ကြက်ဟင်းခါးသီး၊ ခရမ်းသီးနှင့် အခြားသီးနှံများကို ရာစည်းအလိုက်၊ ခြင်းအလိုက် ရောင်းချပြီး ပင်လယ်ထွက်ကုန်ငါးခြောက်များဖြစ်သည့် ကကူရံ တစ်ပိဿာ ၂၂၀၀၀၊ ငပုပ်ပြား တစ်ပိဿာ ၁၈၀၀၀၊ ငါးနှပ် တစ်ပိဿာ ၅၀၀၀၊ ငါးပုတ်သင် တစ်ပိဿာ ၄၅၀၀၊ ဖောင်ပုစွန်ခြောက် တစ်ပိဿာ ၂၆၀၀၀၊ ပင်လယ်ပုစွန်ခြောက် တစ်ပိဿာ ၉၀၀၀ ဝယ်ယူရပါတယ်။ ယခု ဆယ်နာရီဈေးလေးရှိခြင်းဖြင့် မြန်မာနိုင်ငံအတွင်း အခြားမြို့နယ်များသို့ ပင်လယ်ထွက်ကုန်များနှင့် အဆင်ပြေစွာ ရောင်းချနိုင်သဖြင့် ကျွန်တော်တို့ကုန်သည်များနှင့် စားသုံးသူများအား များစွာအကျိုးပြုနေတဲ့ ဈေးအဖြစ် ကျေးဇူးတင်ရှိနေပါတယ်" လို့ ကုန်သည်တစ်ဦးက ဆိုသည်။ အဆိုပါ ဆယ်နာရီဈေးမှ ငါးခြောက်များနှင့် ကုန်စိမ်းများကို ဖျာပုံမြို့ မြို့မဈေးကြီးနှင့် ဈေးလေးများမှလည်း ပြန်လည်ဝယ်ယူ ရောင်းချကြသည်။ (၀၇၁)

နယ်သတင်း

ကသာမြို့တွင် အထူးဈေးရောင်းပွဲတော်ကျင်းပ

ကသာ ဇန်နဝါရီ ၉

APW GROUP (အောင်ဖြိုးဝင်း စီးပွားရေးလုပ်ငန်းစု)မှ စုစည်းကျင်းပသည့် အဆင့်မြင့် ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ကို ကသာမြို့ ဧရာရွှေလီ အားကစားခန်းမရှေ့ရင်ပြင်တွင် ဇန်နဝါရီ ၉ ရက်မှ ၁၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၁၀ နာရီ အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၃၂ ခန်းပါရှိကာ လူသုံးကုန်ပစ္စည်း အမျိုးမျိုးနှင့် အထည်အလိပ်များကို ဈေးနှုန်းချိုသာစွာ ရောင်းချမည်ဖြစ်ပြီး ညနေ ၆ နာရီမှ ည ၉ နာရီအထိ မော်ဒယ်လ်ရှိုး၊ ခေတ်ပေါ်အကအလှများဖြင့် အခမဲ့ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **စမ်းဦး(ကသာ)**

မိုးကောင်း၌ အခွန်ရငွေမှ စည်ပင်ဝေစုလွှဲပြောင်းပေးအပ်

မိုးကောင်း ဇန်နဝါရီ ၉

အခွန်ကောက်ခံရရှိငွေမှ မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စည်ပင်ဝေစုလွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၆ ရက်မွန်းလွဲ ၁ နာရီက မိုးကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အခွန်ကောက်ခံရရှိငွေ၏ ငါးရာခိုင်နှုန်းကို မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်သက်နိုင်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ထံပေးအပ်ခဲ့ကြောင်း သိရသည်။ (၀၆၂)

စဉ့်ကိုင်၌ ကျောင်းသားစုံညီပွဲတော် ကျင်းပ

စဉ့်ကိုင် ဇန်နဝါရီ ၉

စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျောင်းများ၌ ကျောင်းသားစုံညီပွဲတော်ကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက တစ်ပြိုင်နက်ကျင်းပခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးနှင့်သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ စုံညီစွာ တက်ရောက်ပြီး အခမ်းအနားနှင့် တစ်ဆက်တည်း သင်ကြားမှုထူးချွန်ဆရာ ဆရာမများနှင့် ထူးချွန်ကျောင်းသားကျောင်းသူများ ဆုပေးပွဲကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူလေးများ၏ တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်မှုကိုလည်းကောင်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၆၀)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ဖြင့် ၄-၁-၂၀၁၃ ရက် (လွတ်လပ်ရေးနေ့)တွင် ဂုဏ်ပြုချီးမြှင့်အပ်နှင်းခဲ့သော သာသနာတော်ဆိုင်ရာ **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်ကို ထိုက်တန်စွာရရှိခဲ့သူ **ဦးညီညီဇော် (MD) ဝရဇိန်လျှပ်စစ်၏ဇနီး ဒေါ်နီနီမြင့်**အတွက် အတိုင်းမသိ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဦးအောင်သူရပွင့်(MD)
အောင်ပွင့်သာကုမ္ပဏီလီမိတက်

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
လူတွေ့နှုတ်ဖြေ ဖြေဆိုရန်ကြေညာခြင်း

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုဦးစီးမှူး၊ နည်းပြ၊ အလုပ်ရုံစိတ်မှူး၊ သုတေသနလက်ထောက်(၂) ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် အလုပ်လျှောက်ထားနိုင်ကြောင်း ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာတို့တွင် ကြေညာခဲ့ရာ အလုပ်လျှောက်ထားသူများအား အောက်ပါအစီအစဉ်အတိုင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအမှတ် ၃၆၊ နေပြည်တော်တွင် လူတွေ့နှုတ်ဖြေ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

၁၃-၁-၂၀၁၃ ရက် နံနက် ၉နာရီ	- နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှတစ်ဆင့် လျှောက်ထားသူများ
၁၄-၁-၂၀၁၃ ရက် နံနက် ၉နာရီ	- မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှတစ်ဆင့်လျှောက်ထားသူများ
၁၅-၁-၂၀၁၃ ရက် နံနက် ၉နာရီ	- ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှတစ်ဆင့်လျှောက်ထားသူများ။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

အားကစားသတင်း

မန္တလေးမြို့တော်ဝန် မီနီမာရသွန် (၂၀၁၃)ကျင်းပ ပြိုင်ပွဲဝင်အားကစားသမားများအား ဆုချီးမြှင့်

မန္တလေး ဇန်နဝါရီ ၉

မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ (၂၀၁၃)ကို ဇန်နဝါရီ ၇ရက် နံနက် ၆ နာရီခွဲက ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးရှေ့ မျက်နှာစာတွင် စတင်၍ တာလွှတ်သည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက နေရာယူကြပြီး အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက သတ်မှတ်စင်မြင့် နေရာတွင် တက်ရောက်နေရာယူကြ၍ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မောင်းက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

ပန်းဝင်ခဲ့

တာလွှတ်သည်နှင့်တစ်ပြိုင်နက် ပြိုင်ပွဲဝင်အားကစားသမားများသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ ၂၆ လမ်းမှ လမ်း ၈၀ သို့လည်းကောင်း၊ လမ်း ၈၀ မှ ၁၂ လမ်းသို့လည်းကောင်း၊ ၁၂ လမ်းမှ ၆၆ လမ်းသို့လည်းကောင်း၊ ၆၆ လမ်းမှ ၁၀ လမ်းသို့လည်းကောင်း၊ ၁၀ လမ်းမှ ၆၂ လမ်းသို့လည်းကောင်း၊ ၆၂ လမ်းမှ သိပ္ပံလမ်းသို့လည်းကောင်း၊ သိပ္ပံလမ်းမှ ၇၈ လမ်းသို့လည်းကောင်း၊ ၇၈ လမ်းမှ လမ်း ၃၀ သို့လည်းကောင်း၊ လမ်း ၃၀ မှ ဗထူးအားကစားကွင်းအတွင်းသို့ လည်းကောင်း စုစုပေါင်း ၁၃ မိုင် ယှဉ်ပြိုင်ခဲ့ကြပြီး ပန်းဝင်ခဲ့ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဗထူးအားကစားကွင်းတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် ပထမဆုရ မဖြူဝါသက်အား ဆုငွေ ကျပ် ၁၀ သိန်း၊ ဒုတိယဆုရ မမြင့်မြင့်အေးအား ဆုငွေ ကျပ် ကိုးသိန်း၊ တတိယဆုရ မစောမာလာနွယ်အား ဆုငွေ ကျပ်ရှစ်သိန်းတို့ကို တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော်က လည်းကောင်း၊ အမျိုးသမီး လူသစ်တန်းပြိုင်ပွဲတွင် ပထမဆုရ မနှင်းယုစိုးအား ဆုငွေ ကျပ် ၁၅ သိန်း၊ ဒုတိယဆုရ မအေးအေးအောင်အား ဆုငွေ ကျပ် ၁၄ သိန်း၊ တတိယဆုရ ၁၅ သိန်း၊ ဒုတိယဆုရ ခင်မောင်အား ဆုငွေ ငွေကျပ် ၁၄ သိန်း၊ တတိယဆုရ ရဲဝင်းနိုင်အား ဆုငွေ ကျပ် ၁၃ သိန်းကို မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မောင်းက လည်းကောင်း၊ အမျိုးသမီးလူသစ်တန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆု(၁)မှ (၁၀)အထိ ဆုများအား

မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ (၂၀၁၃) တွင် ဆုရရှိသော အားကစားသမားများအား ဆုဖလားများနှင့်အတူ တွေ့ရစဉ်။

မသဲဆုမွန်အား ဆုငွေ ကျပ် ၁၃ သိန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာဝင်းလှိုင်ကလည်းကောင်း၊ အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် ပထမဆုရ သောင်းအေးအား ဆုငွေ ကျပ် ၁၀ သိန်း၊ ဒုတိယဆုရ မောင်ချက်အား ဆုငွေ ကျပ် ကိုးသိန်း၊ တတိယဆုရ သိန်းလှိုင်ဦးအား ဆုငွေ ကျပ်ရှစ်သိန်းကို တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းကလည်းကောင်း၊ အမျိုးသား လူသစ်တန်းပြိုင်ပွဲတွင် ပထမဆုရ စိုးနိုင်အား ဆုငွေ ကျပ် တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးကျော်ဝင်းက လည်းကောင်း၊ အမျိုးသမီးအလွတ်တန်း၊ အမျိုးသားလူသစ်တန်း၊ အမျိုးသားအလွတ်တန်း ပြိုင်ပွဲများတွင် နှစ်သိမ့်ဆုရရှိသူများကို တာဝန်ရှိသူများက လည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ (၂၀၁၃)အလွတ်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အမျိုးသား အမျိုးသမီး ၇၀၊ လူသစ်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အမျိုးသား အမျိုးသမီး ၁၈၁၈ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **တင်မောင်(မန္တလေး)**

ကာယဗလမောင်နှင့် ကာယအလှမယ် ပြိုင်ပွဲဖွင့်

မန္တလေး ဇန်နဝါရီ ၉

ယနေ့ကျင်းပသည့် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲမှသည် စိတ်ဓာတ်ကြံ့ခိုင်ပြီး ဉာဏ်ရည်ထက်မြက်ထူးချွန်သော နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်များ ပေါ်ထွက်လာစေရန် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်က ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ပညာရေးကောလိပ်များ၏ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်အားကစားသမားများအား တိုက်တွန်းပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ကျင်းပပေး

ပညာရေးဝန်ကြီးဌာန အနေဖြင့် အားကစားနှင့်ပညာရေး ပေါင်းစပ်မှု အစီအစဉ်အရ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးတွင် ကျောင်းအဆင့်၊ ဇုန်အဆင့်၊ အထက်မြန်မာပြည် တက္ကသိုလ်များအဆင့်မှ နိုင်ငံတော်အဆင့်အထိ အဆင့်အမျိုးမျိုးသတ်မှတ်ပြီး အားကစားအမျိုးအစားအလိုက် ပြိုင်ပွဲများကို အရှိန်အဟုန်နှင့် စနစ်တကျ ကျင်းပပေးလျက်ရှိသည်။ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲများကို ၂၀၁၀ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး အကြီးတန်းနှင့် အငယ်တန်းအဆင့် ခွဲခြားသတ်မှတ်ထား၍ ကာယဗလမောင် ၂၄ ဦး၊ ကာယအလှမယ် ၂၈ ဦးတို့အနေဖြင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်အသီးသီးကိုယ်စားပြု ပါဝင်ကြကာ ပဏာမအဆင့် ပြိုင်ပွဲယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်အထိ ကျင်းပခဲ့သည်။

ကိုယ်ပွား(မန္တလေး)

ဟာဝိုင်ယီ ဂေါက်သီးရိုက်ပြိုင်ပွဲ ဂျပ်စတင်းဂျွန်ဆင် ဖလားဆွတ်ခူး

အမေရိကန်ဂေါက်သီးကစားသမား ဂျပ်စတင်းဂျွန်ဆင်သည် ဟာဝိုင်ယီ၌ ကျင်းပသော ချန်ပီယံပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဇန်နဝါရီ ၈ ရက်က သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျှော့ရိုက်ပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးသွားခဲ့သည်။ **(ယာပုံ)**

ဂျွန်ဆင်၏ ရိုင်ဒါဖလားကစားဖော် စတိဗ်စတစ်ကာက သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျှော့ရိုက်ပြီး ဒုတိယလိုက်ခဲ့သည်။ ယမန်နှစ်က ဗိုလ်စွဲခဲ့သည့် စတိဗ်စတစ်ကာသည် နောက်ဆုံးနေ့က ၆၉ ချက်ရိုက်ကာ လေးချက်လျှော့ရိုက်နိုင်ခဲ့သည်။

ကက်ပီတယ်ဝမ်း အကြိုဗိုလ်လုပွဲ ဘရက်ဖို့ဒ်စီးတီးတက်လှမ်းနိုင်

အင်္ဂလိပ် ပထမတန်းဘောလုံးအသင်း ဘရက်ဖို့ဒ်စီးတီးအသင်းသည် ဇန်နဝါရီ ၈ ရက်ကက်ပီတယ်ဝမ်းဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမအကျော့ပြိုင်ပွဲတွင် ပရီမီယာလိဂ်ကလပ် အက်စ်တွန်ဗီလာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်သည်။

ဘရက်ဖို့ဒ်စီးတီးအသင်းအတွက် ဂိုးများကို ဝဲလ်၊ မက်အာဒီနှင့် မက်ဟွတ်တို့က သွင်းယူပေးခဲ့သည်။ အက်စ်တွန်ဗီလာအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဝိမန်းက ပွဲချိန် ၈၂ မိနစ်တွင် သွင်းယူပေးခဲ့သည်။

ဘရက်ဖို့ဒ်စီးတီးအနေဖြင့် အိမ်ကွင်းပွဲ အနိုင်ရလိုက်၍ ဒုတိယအကျော့ပြိုင်ပွဲအနိုင်ရရှိရန် အားသာချက်ရှိနေသည်။ အဝေးကွင်း အနည်းဆုံးသရေကစားနိုင်လျှင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ရန် သေချာသလောက်ရှိသည်။

ကောင်းမြတ်သူ-စုစည်းသည်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
MYANMAR ENGINEERING SOCIETY
နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ
အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲ၊
အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲနှင့် စာတမ်းဖတ်ပွဲအခမ်းအနား
ဖိတ်ကြားခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ၊ အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲ၊ အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲနှင့် စာတမ်းဖတ်ပွဲအခမ်းအနားများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားတိုင်း တက်ရောက်ချီးမြှင့်ပေးပါရန် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက်	ကျင်းပမည့်အချိန်	ကျင်းပမည့်အကြောင်းအရာ	ကျင်းပမည့်နေရာ
၁၁-၁-၂၀၁၃ရက်(သောကြာနေ့)	၀၈း၀၀-၁၇း၀၀နာရီ	စာတမ်းဖတ်ပွဲများ	မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ တက္ကသိုလ်များ(လှိုင်နယ်မြေ)
၁၂-၁-၂၀၁၃ရက်(စနေနေ့)	၀၈း၀၀-၁၇း၀၀နာရီ	အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲနှင့် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ	
၁၁-၁-၂၀၁၃ရက်မှ ၁၄-၁-၂၀၁၃ ရက်အထိ	၀၈း၀၀-၁၇း၀၀နာရီ	Living with Technology Expo-2013	

မှတ်ချက် - မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံတွင် ဗဟိုကော်မတီအသစ် ရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် Member အသင်းဝင်အဆင့်နှင့် Associate အသင်းဝင်အဆင့်ရှိသူများသည် ဗဟိုကော်မတီဝင်အသစ်များ ရွေးချယ်ရာတွင် ဆန္ဒမဲပေးရမည်ဖြစ်ပါ၍ ဆန္ဒမဲထုတ်ယူရန်အတွက် အသင်းဝင်ကတ် (၂၀၁၂ အထိ နှစ်စဉ်ကြေးပေးသွင်းပြီး) ကို တစ်ပါတည်းယူဆောင်လာပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- ၂၀၁၂ အထိ သက်တမ်းတိုးနှစ်စဉ်ကြေးမပေးသွင်းရသေးပါက ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ အသင်းရုံး၌ ပေးသွင်းနိုင်ပါသည်။
- အသင်းသားများအနေဖြင့် ဖိတ်စာသီးခြားမရရှိပါကလည်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံသို့ တက်ရောက်ပေးပါရန်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
ဖုန်း-၀၁-၅၁၉၆၇၃-၇၆

ပျောက်ဆုံးခြင်း

ဦးဝင်းကျော် ၉/ပဥလ(နိုင်)၀၄၅၅၃၉၈၏ နိုင်ငံကူးလက်မှတ် M-၃၇၇၇၀၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ **ဖုန်း-၀၉-၇၃၁၉၈၆၃၇၊ ၀၉-၄၀၂၅၈၁၉၈၂**

YAZAR JEEP

ကားရောင်းမည်

၈ဂ/---- ညှိနှိုင်းဈေး

ဆက်သွယ်ရန်

ဖုန်း-၀၉-၇၃၁၃၆၃၃၁၊ ၀၉-၅၁၉၄၈၅၂

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့် ၂၊ မြေကွက်အမှတ် ၂၂၇၃ အမည်ပေါက် ဦးထွန်းတင်ဦး ၁၂/ကတန(နိုင်)၀၀၅၆၈၆ နှင့်မြေကွက်အမှတ် ၂၂၇၀ အမည်ပေါက်ဒေါ်ခင်အေးနွယ် KTN-၀၀၉၅၁၀ တို့၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးဇော်မိုးဟန် ၁၂/ဒဂန(နိုင်)၀၂၆၁၆၆ကမြေကွက်စလစ်မူရင်းနှင့် ငွေသွင်းချလန်မူရင်းတင်ပြပြီး မြေပါမစ်ထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

၁၉၆၈-၁၉၉၈ စက်မှုလက်မှုအထက်တန်းကျောင်း(တောင်ကြီးမြို့)
ကျောင်းသားဟောင်းများ၏ နဝမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေး
အစည်းအဝေးပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

နဝမအကြိမ် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးနှင့် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများဆက်သွယ်လှူဒါန်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

၁၂-၁-၂၀၁၃ရက် - ရွှေရှမ်းကန်စားသောက်ဆိုင် အမှတ် ၁၃၂/ဘီ၊ အင်းလျားလမ်း၊ တက္ကသိုလ်လေ့လျော်အသင်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

အစည်းအဝေးပွဲ - ညနေ ၅း၀၀ မှ ၆း၀၀နာရီထိ

မိတ်ဆုံစားပွဲ - ညနေ ၆း၀၀ မှ ၉း၀၀နာရီထိ

ဆက်သွယ်ရန် - ရန်ကုန် ဖုန်း-၀၉-၄၂၁၁၁၆၃၁၊ ၀၉-၅၁၈၈၅၄၁၊ ၀၉-၄၃၀၈၈၉၀၁၊ ၀၉-၇၃၀၇၂၉၀၆၊
တောင်ကြီး ဖုန်း-၀၉-၄၅၈၀၄၂၆၁၆၊ ၀၉-၅၂၁၁၁၄၆၊ ၀၈၁-၂၀၀၆၅၉
ပခုက္ကူ ဖုန်း-၀၉-၂၃၀၀၅၁၅၊ ၀၆၂-၂၁၉၃၇၊
မန္တလေး ဖုန်း-၀၉-၄၀၁၅၉၅၈၃၅၊ ၀၂-၆၂၅၄၄

ဝန်ထမ်းများအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SME Microfinance)တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိပါသည်-
(က)အထွေထွေမန်နေဂျာများ (ကျား/မ) - မဟာဘွဲ့တစ်ခုခု၊ အသက်(၄၅)နှစ်ဝန်းကျင်
(ခ)ဒု-အထွေထွေမန်နေဂျာများ(ကျား/မ) - မဟာဘွဲ့တစ်ခုခု၊ အသက်(၄၀)ဝန်းကျင်
(ဂ)မန်နေဂျာများ (ကျား/မ) - မဟာဘွဲ့တစ်ခုခု၊ အသက်(၃၅)နှစ်ဝန်းကျင်
(ဃ)လက်ထောက်မန်နေဂျာများ(ကျား/မ) - ဘွဲ့တစ်ခုခု၊ အသက်(၃၀)ဝန်းကျင်
၂။ လျှောက်လွှာတင်ရမည့်နေရာနှင့် လူတွေ့စစ်ဆေးမည့်နေရာ - အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အမှတ် ၄၆၊ ဦးထွန်းငြိမ်းလမ်း (အင်းလျားလိတ်ဟိုတယ်အနီး) အမှတ်(၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၃။ လျှောက်လွှာပိတ်ရက် - ၂၅-၁-၂၀၁၃ရက်
၄။ လူတွေ့စစ်ဆေးမည့်ရက် - အကြောင်းကြားပေးပါမည်။
မှတ်ချက်။ ။(က) အထူးအရည်အချင်းရှိသူများအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးမည်။
(ခ) ဘဏ်လုပ်ငန်းအတွေ့အကြုံရှိသူများကို အထူးဦးစားပေးမည်။
(ဂ) အင်္ဂလိပ်စာ(Four Skills)ကို ထူးချွန်ကျွမ်းကျင်တတ်မြောက်သူများသာ ဖြစ်ရမည်။
(ဃ) လုပ်ငန်းနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပသို့ ခရီးမကြာခဏ သွားရောက်နိုင်သူဖြစ်ရမည်။
(င) အလုပ်သမားလေဘာကတ်ပါရမည်။
စုံစမ်းရန်-ဖုန်း-၀၁-၆၅၇၆၀၂၊ ၆၅၇၆၀၃၊ ၆၅၇၆၀၄

အဝေးကွင်းမှာ အမှတ်ပြည့်သိမ်းပိုက်ဦးမယ့် ဘာစီလိုနာ

စပိန်မြေမှ လာလီဂါပွဲစဉ်တွေကတော့ လှုပ်ရှားဆူဝေပြီး ပြိုင်ဆိုင်မှုတွေ၊ အားပေးမှုတွေနဲ့အတူ စည်ဝေနေပါတယ်။ တန်းစီဇယားထိပ်ဆုံးက ဘာစီလိုနာဟာ ဒုတိယနေရာက အက်သလက်တီကို မက်ဒရစ်နဲ့ ပွဲတူ ၁၁ မှတ်ကွာနေသလို တတိယနေရာက ပြိုင်ဘက် ရီးရဲမက်ဒရစ်နဲ့လည်း ပွဲတူ ၁၆ မှတ်ကွာခြားနေအောင် လွတ်လွတ်ကျွတ်ကျွတ်နဲ့ ဦးဆောင်နေပါတယ်။ ဒီတစ်ပတ်ပွဲစဉ်မှာ ဘာစီလိုနာတို့ ပွဲကျပ်ဖြစ်နေပြီး ရီးရဲမက်ဒရစ်တို့က ပွဲချောင်နေတာမို့ ရမှတ်တွေ ဘယ်လောက်အထိ ရယူသိမ်းဆည်းနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက်၊ ၁၂ ရက်နဲ့ ၁၃ ရက်တွေမှာ ယှဉ်ပြိုင်ကြမယ့်ပွဲစဉ်တွေကို စောင့်မျှော်အားပေးကြရဦးမှာ ဖြစ်ပါတယ်။

မာလာဂါနှင့် ဘာစီလိုနာ

ပြီးခဲ့တဲ့ ပွဲစဉ် (၁၈)မှာ ရီးရဲမက်ဒရစ်ကို အိမ်ကွင်းမှာ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ကစားပြီး စိတ်ဓာတ်တက်ကြွနေတဲ့ မာလာဂါအသင်းဟာ ပွဲစဉ် (၁၉)အဖြစ် ဘာစီလိုနာနဲ့ ထပ်မံယှဉ်ပြိုင်ရဦးမှာ

မောင်မောင်မြင့်ဆွေ - ရေးသားသည်

ဖြစ်ပါတယ်။ ဒီနှစ် လာလီဂါမှာ အိမ်ကွင်း ကိုးပွဲကစားပြီးချိန် မာလာဂါဟာ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားတဲ့ မှတ်တမ်းရှိနေတာမို့ ဘာစီလိုနာတို့ ခြေကုန်ဖွင့် ကစားမှရပါလိမ့်မယ်။ ဒီနှစ် လာလီဂါမှာ တိုက်စစ်ခြေစွမ်း မထက်မြက်ပေမယ့် ခံစစ်ပိုင်းလုံခြုံမှုနဲ့ ခိုင်မာမှုအကောင်းဆုံးက မာလာဂါတို့ဖြစ်တာမို့ ဘာစီလိုနာရဲ့ ကမ္ဘာကျော်တိုက်စစ်မှူးတွေ ဘယ်လိုဖြတ်ကျော်ဂိုးသွင်းနိုင်မလဲ ကြည့်ရမှာဖြစ်ပါတယ်။ ဘာစီလိုနာတို့ကလည်း ဒီနှစ်မှာ အကောင်းဆုံးခြေစွမ်းပြနေပြီး လာလီဂါ ၁၈ ပွဲကစားပြီးချိန်မှာ အိမ်ကွင်း၊ အဝေးကွင်း ရှုံးပွဲလုံးဝမရှိသေးတဲ့ အသင်းဖြစ်ပြီး သရေတစ်ပွဲသာဖြစ်ထားတာမို့ ဒီပွဲမှာလည်း မာလာဂါကွင်းမှာ လူစုံထုတ်ပြီးကစားမှာ သေချာပါတယ်။ တစ်ဦးချင်းရော၊ အသင်းလိုက်ပါ ကစားအားကောင်းတဲ့ ဘာစီလိုနာကို မာလာဂါတို့ ခက်ခက်ခဲခဲ တုံ့ပြန်ကစားရမှာဖြစ်ပါတယ်။ မာလာဂါကစားသမားတွေက အနိုင်ရလိုစိတ် ပြင်းထန်နေသူတွေဖြစ်တာမို့ ဒီပွဲမှာ နှစ်ဖက်ပရိသတ်တွေ စိတ်မအေးရတဲ့ ပွဲဖြစ်ပါလိမ့်မယ်။

အိုဆာစူနာနှင့် ရီးရဲမက်ဒရစ်

တန်းဆင်းဇုန်အောက်ဆုံးကို ကျဆင်းနေတဲ့ အိုဆာစူနာဟာ အခုပွဲမှာလည်း အမှတ်ရဖို့ခက်ခဲနေပါဦးမယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးပွဲကြုံထားတဲ့ ရီးရဲမက်ဒရစ်ဟာ ဒီပွဲမှာတော့ အမှတ်ရယူဖို့ပဲ ပြင်ဆင်ကစားပါလိမ့်မယ်။ အမှတ်လိုအပ်နေတဲ့ အိုဆာစူနာဟာ အိမ်ကွင်းမှာ အမှတ်ရသလောက်ရယူဖို့ အားထုတ်မှာဖြစ်သလို ရီးရဲမက်ဒရစ်တို့ကလည်း အမှတ်ပြည့်ရယူဖို့အတွက်ပဲ အာရုံထားကြိုးစားမှာမို့ ပွဲကောင်းအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။ ရလဒ်တွေဆိုးရွားနေလို့ ဝေဖန်ပြစ်တင်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ နည်းပြမော်ရင်ဟိုဟာ ရီးရဲမက်ဒရစ်ကို ပြတ်သားတဲ့ရလဒ်နဲ့အတူ ပုံဖော်ပါလိမ့်မယ်။

အက်သလက်တီကိုနှင့် ဇာရာဂိုဇာ

တန်းစီဇယား ဒုတိယနေရာက အက်သလက်တီကိုဟာ ထိပ်ဆုံးက ဘာစီလိုနာကို ဖိအားပေးနိုင်ဖို့အတွက် ဇာရာဂိုဇာကို အနိုင်ယူပြီး အိမ်ကွင်းရှုံး ပွဲမရှိ၊ သရေပွဲမရှိ စံချိန်ကို ဆက်လက်တင်နိုင်ဖို့ ကြိုးစားပါလိမ့်မယ်။ အဝေးကွင်းမှာ ရလဒ်မကောင်းတတ်တဲ့ ဇာရာဂိုဇာဟာ ဒီပွဲမှာ အက်သလက်တီကိုအတွက် အခက်အခဲဖြစ်အောင် ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် အက်သလက်တီကိုဟာ တိုက်စစ်စွမ်းရည်ထက်မြက်ပြီး ခံစစ်ပိုင်းလည်း တောင့်တာမို့ ဇာရာဂိုဇာတို့ တစ်မှတ်ရဖို့တောင် သိပ်မလွယ်ပါဘူး။ ဇာရာဂိုဇာရဲ့ အားထုတ်မှုအပိုင်းက တိုက်စစ်မှူးတွေကို အားဖြည့်ပေးနိုင်ရင်တော့ အမှတ်မျှော်လင့်နိုင်ပေမယ့် လက်ရှိအနေအထားအရ ပရိသတ်တွေ အပျော်ဆိုတာနဲ့ ကင်းဝေးနိုင်တဲ့ အခြေအနေပါပဲ။

ဘက်တစ်နှင့် လီဗန်တေး

ခြေရည်တူနှစ်သင်းဆုံတွေ့ကြတဲ့ပွဲမို့ ပရိသတ်တွေအတွက် ပွဲကောင်းတစ်ပွဲဖြစ်လာပါလိမ့်မယ်။ အိမ်ကွင်းမှာ ရှုံးပွဲများနေတဲ့ ဘက်တစ်နဲ့ အဝေးကွင်းမှာ ရလဒ်မကောင်းတဲ့ လီဗန်တေးတို့ အမှတ်ခွဲဝေမပေးဖို့ အပြိုင်အားထုတ်မှာဖြစ်တာမို့ နှစ်သင်းစလုံး ခြေကုန်ထုတ်ရမယ့်ပွဲပါပဲ။ တိုက်စစ်ပိုင်းမှာ အားသာတဲ့ ဘက်တစ်နဲ့ ခံစစ်ပိုင်းမာကျောတဲ့ လီဗန်တေးတို့ရဲ့ပွဲကတော့ ပြိုင်ဆိုင်မှုပြင်းထန်ပါလိမ့်မယ်။

ဆိုစီဒက်နှင့် ဒီပို့တီဗို

အဝေးကွင်းမှာ နိုင်ပွဲတစ်ပွဲမှမရသေးတဲ့ ဒီပို့တီဗိုဟာ အခုပွဲမှာ ဆိုစီဒက်ကွင်း သွားရောက်ကစားရမှာမို့ အမာခံကစားသမားတွေ အကုန်ထုတ်သုံးမှ ရပါလိမ့်မယ်။ တန်းဆင်းဇုန်ထဲက လွတ်မြောက်အောင် ရုန်းကန်မယ့် ဒီပို့တီဗိုရဲ့ အားထုတ်မှုစွမ်းအား ဘယ်လောက်အထိရှိနိုင်မလဲ ကြည့်ရမယ့်ပွဲဖြစ်ပါတယ်။ အိမ်ရှင်ဆိုစီဒက်တို့ကတော့ အနိုင်သုံးမှတ်အပြည့်ရယူဖို့ စွမ်းအားထုတ်မှာမို့ ဒီပွဲမှာ မျှော်လင့်ချက် ပြည့်မပြည့် စောင့်ကြည့်ရမယ့်အခြေအနေဖြစ်ပါတယ်။

ဗလင်စီယာနှင့် ဆီဗီလာ

အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ခြေစွမ်းပြအနိုင်ရယူနေတဲ့ ဗလင်စီယာဟာ ခြေမမှန်တဲ့ ဆီဗီလာကို ရလဒ်ကောင်းအောင် ကစားဖို့ အပြင်းအထန် ကြိုးစားပါလိမ့်မယ်။ အဝေးကွင်း ကိုးပွဲကစားပြီးချိန်မှာ တစ်ပွဲတည်း အနိုင်ရယူထားနိုင်တဲ့ ဆီဗီလာကို ဗလင်စီယာတို့ အမှတ်ခွဲပေးဖို့ ကြိုးစားမှာမဟုတ်ပါဘူး။ နှစ်သင်းစလုံးရဲ့ကစားအားက ကွာဟမှုသိပ်မရှိတာမို့ ဒီပွဲဟာလည်း ရေကုန်ရေခန်း ကစားရမယ့်ပွဲဖြစ်ပါလိမ့်မယ်။

ဘီလ်ဘာအိုနှင့်ဗယ်လီကာနို

ခံစစ်ပိုင်းကျိုးပေါက်မှုနဲ့ အားနည်းမှုကိုယ်စီရှိနေတဲ့အသင်းတွေဖြစ်နေပြီး တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်တွေ ကလည်း အားရစရာမရှိတာမို့ ဒီပွဲဟာ နှစ်သင်းစလုံး ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရပါလိမ့်မယ်။ ဒါပေမယ့် ဘီလ်ဘာအို ခံစစ်မှူးတွေက ပြိုင်ဘက်အသင်းတိုက်စစ် ဆင်လာရန်ပျာယာခတ်နေတတ်တာမို့ တစ်ဖက်အသင်းတိုက်စစ်မှူးတွေက အခွင့်အရေးတွေရယူသွားနိုင်ပါတယ်။ ဒါပေမယ့် ဗယ်လီကာနိုတိုက်စစ်မှူးတွေက ပါးပါးနပ်နပ် ဂိုးသွင်းနိုင်သူတွေဖြစ်တာမို့ ဒီပွဲဟာ နှစ်ဖက်ပရိသတ်တွေ ကျေနပ်စရာဖြစ်စေမယ့် ပွဲကောင်းတစ်ပွဲ ဖြစ်လာမှာဖြစ်ပါတယ်။ ။

အားကစားသတင်း အတိုအထွာ

❏ ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်နေရာတွင်အစားထိုးရန် ယခုနှစ် ဘောလုံးရာသီကုန်၌ အဲဗာတန်ကွင်းလယ်ကစားသမား ဖယ်လိုင်နီအား ပြောင်းရွှေ့ကြေး ပေါင် ၂၂ သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း ချယ်လ်ဆီးတာဝန်ရှိသူများက ပြောကြားသည်။

❏ မန်ယူနည်းပြဖာဂူဆန်၏ ရာသီကုန်၌ ခေါ်ယူမည့် ကစားသမားစာရင်းတွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်ပါဝင်ကြောင်း မန်ယူတာဝန်ရှိသူများက ပြောကြားသည်။

❏ ဘရာဇီးကွင်းလယ်ကစားသမား အသက် ၂၄ နှစ်အရွယ်ရှိ တိုင်စန်တေးကို မန်စီးတီးက ခေါ်ယူစာချုပ်တော့မည်ဖြစ်သည်။

❏ ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား အသက် ၂၇ နှစ်အရွယ်ရှိ လူကာမိုဒရစ်အား ချယ်လ်ဆီးနှင့်မန်စီးတီးတို့က အပြိုင်ခေါ်ယူလျက်ရှိသည်။

❏ မားဆေးလ်တိုက်စစ်မှူး ရီမီအား ကျူပီအာအသင်းက ခေါ်ယူစာချုပ်ရန် ကြိုးစားလျက်ရှိသည်။ ရီမီကမူ အင်တာမီလန်ကလပ်သို့ ပြောင်းရွှေ့ရန် စိတ်အားထက်သန်လျက်ရှိသည်ဆို၏။

❏ အင်ဒါလက်ချ်အသင်း ကွင်းလယ်ကစားသမား အသက် ၂၆ နှစ်အရွယ်ရှိ လူကတ်စ်ဘစ်လီရာအား အာဆင်နယ်က ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းဖြင့်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

❏ ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား အသက် ၂၄ နှစ်အရွယ်ရှိ ဆာဟင်အား လီဗာပူးက ခေါ်ယူမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❏ ဆွမ်ဆီးတိုက်စစ်မှူး အသက် ၂၇ နှစ်အရွယ်ရှိ ဂရေဟမ်အား ဆန်းဒါးလန်းကခေါ်ယူရန်ပြင်ဆင်နေပြီး ထိုက်တန်သည့်စျေးနှုန်း ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

❏ ဘလက်ဘန်းအသင်းနောက်ခံလူ မာတင်အိုလ်ဆင်အား ဝက်စ်ဟမ်းအသင်းက ပြောင်းရွှေ့ကြေး ပေါင်နှစ်သန်းပေး၍ ခေါ်ယူမည်ဖြစ်သည်။

မောင်ချစ်ကြည် - စုစည်းသည်





စီးပွားရေးတက္ကသိုလ် ၁၉၉၄-၁၉၉၅ ဘွဲ့ရများအသင်း၏ (၂၇)ကြိမ်မြောက် ပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲဖိတ်ကြားခြင်း

ဟောပြောမည့်ပုဂ္ဂိုလ်	- ပါမောက္ခ ဒေါက်တာမိုးမိုးခိုင်
ဟောပြောမည့်အကြောင်းအရာ	- Business Ethic
နေ့ရက်	- ၁၃-၁-၂၀၁၃ ရက်(တနင်္ဂနွေနေ့)
အချိန်	- ညနေ ၃ နာရီ
နေရာ	- လင်းရောင်နီခန်းမ အမှတ်(၄/၆/၁၉၅၄)၊ တပင်ရွှေထီးလမ်းသွယ်(၁)၊ တပင်ရွှေထီးတာဝါအနီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်-

ဖုန်း-၀၉-၄၉၂၁၁၈၆၇၊ ၀၉-၄၉၅၁၂၁၅၉၊ ၀၉-၅၀၁၁၄၄၃

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၅)နေ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်သော ဦးမြင့်မောင် ၁၃/လရန(နိုင်)၁၂၅၂၃၄နှင့် ကျွန်မ မကျောက်ရွှင်ရှမ်း ၁၃/လရန(နိုင်) ၁၀၁၄၄၉တို့သည် ၁၉၉၇ ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ ၁၉၉၈ခုနှစ်တွင် သမီးကြီး မမြသဲဖြူကိုလည်းကောင်း၊ ၁၉၉၉ခုနှစ်တွင် သမီးငယ် မလီလီတို့အားလည်းကောင်း မွေးဖွားခဲ့ကြပါသည်။ ကျွန်မနှင့် ဦးမြင့်မောင်တို့သည် မည်သည့်အချိန်ကမျှ ကွာရှင်းပြတ်စဲထားခြင်းမရှိဘဲ ယနေ့ထိတိုင် ကျွန်မသည် ဦးမြင့်မောင်၏ တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မကျောက်ရွှင်ရှမ်း
နယ်မြေ(၅)၊ ရပ်ကွက်(၅)
လားရှိုးမြို့

နယ်စပ်ရေးရာဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၇ပေ×၂ပေ ၆ လက်မ)အရွယ်အစားရှိ အလူဇင့် သွပ်တွန့်အချပ်ရေ (၁၅၄၀၀)ချပ်အား အောက်ဖော်ပြပါ အရည်အသွေး စံချိန်စံညွှန်းအတိုင်း ဝယ်ယူလိုပါသည်-

Serial Number	Descriptions	Unit	Quantity
1.	Aluzinc coated corrugated steel sheet (Packing,woven nylon export package)	Sheet	15400
2.	Specifications; Aluzinc coated corrugated steel sheet (a) Width; 2'-6" (b) Length;7'-0" (c) Thickness;0.6 mm (d) Material; Galvanized Steel.		

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၁-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၆-၁-၂၀၁၃ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ် (၁၄)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်များကို ဤဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၂၁၀၊ ၀၆၇-၄၀၉၄၄၆ များသို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန
ရုံးအမှတ် (၁၄)၊ နေပြည်တော်

အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဆောက်လုပ်ရေးလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)ဆေးဝါးစက်ရုံ (ရန်ကုန်)၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဆောက်လုပ်ရေးလုပ်ငန်းများအား ဆေးဝါးစက်ရုံတည်ဆောက်ရေးလုပ်ငန်းတွင် အတွေ့အကြုံရှိသော ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၁-၁-၂၀၁၃ရက် (သောကြာနေ့) (ရုံးချိန်)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄:၀၀နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ် ၃၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၃၇၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅

သောက်ရေသန့်စက်ရုံခွဲ(ကျောက်ဆည်)၊
ကော့သောင်းဆီအုန်းစက်ရုံခွဲနှင့် ကော့သောင်းဆီအုန်းခြံတို့အားငှားရမ်းရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ သောက်ရေသန့်စက်ရုံခွဲ(ကျောက်ဆည်)၊ ကော့သောင်းဆီအုန်းစက်ရုံခွဲနှင့် ကော့သောင်းဆီအုန်းခြံတို့အား ငှားရမ်းရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၁-၁-၂၀၁၃ရက်(သောကြာနေ့) (ရုံးချိန်)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၇-၁-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄:၀၀နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန

၂။ စည်းကမ်းချက်များနှင့်တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ် ၃၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅

ပြည်တွင်းသတင်းနှင့်မှုခင်း

ရွှေညောင် – ရန်ကုန်အစုန်ရထား အောင်ပန်းနှင့် ကလောကြားတွင် ဘီးချော်ကျ

ကလော ဇန်နဝါရီ ၉

စက်ခေါင်းမောင်း ဦးဌေးဝင်း၊ ဂါတ်ဗိုလ် ဦးအောင် စိုးတို့ မောင်းနှင်လာသော ရွှေညောင်-ရန်ကုန် အစုန် ရထားအမှတ် (၁၄၂) စက်ခေါင်းအမှတ် GF-210၊ အထက်တန်းတွဲ အမှတ် (၂) သည် ဘီးအမှတ်(၁၊၂)အပြင်နှင့် ဘီးအမှတ် (၇၊၈)အတွင်းသည် ကလောမြို့နယ် လွယ်အံကျေးရွာအုပ်စု အောင်ပန်း-ကလော ရထားလမ်း မိုင်တိုင်အမှတ်(၃၇၅/၅၆)၌ ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ဘီးချော်ကျခဲ့ကြောင်း သိရသည်။ အဆိုပါ ဘီးချော်ကျမှုတွင် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ဘီးချော်ကျမှုကို အောင်ပန်းဘူတာမှ ကြီးကြပ်ရေးမှူး ဦးခိုင်ဝင်းမောင်၊ အလုပ်ထိန်း ဦးထွန်းအောင်၊ လမ်းဗိုလ်ဦးသန်းမော်တို့ ဦးစီးလုပ်သား ခြောက်ဦးဖြင့် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်မှစ၍ မတင်ပြင်ဆင်ခဲ့ကြပြီး ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် မတင်ပြင်ဆင်ပြီးကာ အဆိုပါရထားသည် ရန်ကုန်ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ **(မြတ်သန္တာမောင်)**

တရားမဝင်ကုန်သွယ်မှုများ လျော့နည်းစေရေး နောင်ချိုမြို့နယ်၌ စစ်ဆေးဆောင်ရွက်

နောင်ချို ဇန်နဝါရီ ၉

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုး-နောင်ချိုကားလမ်းအပိုင်း တရားမဝင်ကုန်သွယ်မှုများ လျော့နည်းစေရေးအတွက် တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှု တားဆီးရေးအဖွဲ့ (Mobile Team) မိုဘိုင်း (၁၀) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဦးဆောင်၍ နောင်ချိုမြို့နယ်သို့ ရောက်ရှိပြီးနေ့/ညတာဝန်များခွဲကာ မော်တော်ယာဉ်ပေါ်တင်ဆောင်ထားသည့် ကုန်ပစ္စည်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်သတင်းမီဒီယာ၊ မြို့နယ်ကုန်သည်ကြီးများအဖွဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(ဓဗြ)**

ကလောမြို့၌ ယာဉ်တစ်စီး အရှိန်လွန် တိမ်းမှောက်

ကလော ဇန်နဝါရီ ၉

ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု မကွေ့ကျေးရွာနှင့် နန်းပန်တက်ကျေးရွာအကြား မိုင်တိုင်အမှတ် (၅၄/၅) နှင့် (၅၄/၆) အကြား၌ ဇန်နဝါရီ ၅ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်က ကလောမြို့နယ်ဘက်မှ သာစည်မြို့နယ် ဘက်သို့ ယာဉ်မောင်း စိုင်းအောင်မြတ် မောင်းနှင်လာသော ယာဉ်အမှတ် ၄ဂ/----- သည် သိန်းထိုက်အောင် ၂၂ နှစ် သာစည်မြို့နယ်နေသူနှင့် လင်းလင်း ၂၂ နှစ် ထားဝယ်မြို့နေသူနှစ်ဦးကို တင် ဆောင်မောင်းနှင်လာစဉ် အရှိန်လွန်ကာ လမ်းယာဘက် မကွေ့ချောင်းအတွင်း ပေ ၅၀ ခန့်သို့ ထိုးကျတိမ်းမှောက်သွားခဲ့ ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှု ကြောင့် ယာဉ်မောင်းဖြစ်သူသည် ဝမ်း ဗိုက်ယာဘက်ခြမ်း ပေါက်ပြဲ ဒဏ်ရာဖြင့် အခင်း ဖြစ်နေရာတွင်ပင် သေဆုံးခဲ့ပြီး ယာဉ်ပေါ် လိုက်ပါလာသူ လင်းလင်းတွင် ခါးနာကျင် ဒဏ်ရာ(မစိုးရိမ်ရ)၊ သိန်းထိုက်အောင်တွင် ယာချိုစောင်းနှင့်ဝဲလက်မဖူးရောင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကလောမြို့နယ်ရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မသန္တာ)**

တောင်တွင်းကြီး၌ လျှပ်စစ်အန္တရာယ်ကင်းရေးဆောင်ရွက်

တောင်တွင်းကြီး ဇန်နဝါရီ ၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းမင်းကျော်၊ အငယ်တန်းအင်ဂျင်နီယာ ဦးဝင်းထိန်နှင့် လျှပ်စစ်ဝန်ထမ်းများသည် ဇန်နဝါရီ ၇ ရက် နံနက်က တောင်တွင်းကြီးမြို့ပေါ် ရပ်ကွက်များ၌ မော်တော်ကား၊ ဆိုင်ကယ် စသည့်ယာဉ်များ အသွားအလာများပြားလာသဖြင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် လမ်းဆုံကျသော ဓာတ်တိုင်များကို ရွှေ့ပြောင်းစိုက်ထူခြင်း၊ ဆားဗစ်ကြိုးများ ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းများကို နေ့ချင်းပြီး ဆောင်ရွက်လုပ်ကိုင်ခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း (ပြန်/ဆက်)**

သစ်တင်ကား ဘရိတ်ပေါက်ပြီး ချောက်ထဲကျ နှစ်ဦးသေဆုံး

ရေကြည် ဇန်နဝါရီ ၉

ဖြစ်စဉ်မှာ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီခန့်က ရေကြည်မြို့နယ် ဘုရားကြီးသစ်ထုတ်လုပ်ရေးလမ်း မိုင်တိုင် အမှတ် (၁၈/၀) နှင့် (၁၈/၁) အကြား ချင်းတွင်းကျေးရွာအနီး၌ ရခိုင်ပြည်နယ် ဂွမြို့နယ်ဘက်မှ ရေကြည်မြို့နယ် မျှော့တူရွာနေသူ ယာဉ်မောင်း မောင်ပြုံး ၃၀ နှစ် (ဘ)ဦးအောင်စိုးသည် အခြားသား သစ်ပုံတုံးဆိုက်စုံ ၂၆ လုံး (၃ ဒသမ ၇၀ တန်) တင်ဆောင်ထားသည့် ၂က/.. နစ်ဆန်းအဖြူရောင် ခြောက်ဘီးယာဉ်ဖြင့် တင်ဆောင်မောင်းနှင်လာရာမှ ဘရိတ်ပေါက်ပြီး ချောက်ထဲသို့ ထိုးကျသွားသဖြင့် စပယ်ယာ တင့်နိုင်ဝင်း ၁၈ နှစ် (ဘ)ဦးကိုဆန်း မျှော့တူကျေးရွာ ရေကြည်မြို့နယ်နေသူနှင့် မမိထား ၂၈ နှစ် (ဘ) ဦးသန်းဌေး ညောင်မှော်ကျေးရွာ ရေကြည်မြို့နယ်နေသူတို့ မျက်နှာညိုမဲဒဏ်ရာများဖြင့် သေဆုံးခဲ့ကြသည်။

ထို့အပြင် ခရီးကြုံလိုက်ပါလာကြသော ရေကြည်မြို့နယ် ညောင်မှော်ကျေးရွာနေသူများဖြစ်ကြသည့် မျိုးကျော်သူ ၂၈ နှစ် (ဘ)ဦးစိုး ဦးခေါင်းပေါက်ပြဲ၊ ယာတင်ပါးပွန်းပဲ့၊ ဝဲဒူး၊ ဝဲခြေမျက်စိ ဒဏ်ရာများ ရရှိသွားသဖြင့် ဒုရဲအုပ်လှိုင်ဝင်း၏ တိုင်တန်းချက်အရ ငါးသိုင်းချောင်းရဲစခန်းမှ ယာဉ်မောင်းကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **(ပုသိမ်-လှကြည်)**

၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်း သန်းခေါင်စာရင်းသိကောင်းစရာ

- မြန်မာနိုင်ငံသန်းခေါင်စာရင်း
  မြန်မာနိုင်ငံတွင် မြန်မာသက္ကရာဇ်၉၉၉ခုနှစ်သာလွန်မင်းတရားလက်ထက်နှင့် ၁၁၄၅ခုနှစ် ဘိုးတော်ဘုရားလက်ထက်တို့တွင် သန်းခေါင်စာရင်းသဘောသက်ရောက်သည့် စစ်တမ်းများ ကောက်ယူခဲ့ပါသည်။
- ၁၈၇၂ခုနှစ်မှစ၍ ၁၉၄၁ခုနှစ်အထိ အောက်မြန်မာပြည်တွင် (၁၀)နှစ်တစ်ကြိမ် ကောက်ယူခဲ့ပါသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ခုနှစ်တွင် မြို့ (၂၅၂)မြို့နှင့် ၁၉၅၄ခုနှစ်တွင် ကျေးရွာအုပ်စု (၃၁၅၉)တို့အား ကောက်ယူ ခဲ့ပါသည်။
- ပြည်လုံးကျွတ် သန်းခေါင်စာရင်းကို ၁၉၇၃ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ခုနှစ်တွင် တစ်ကြိမ် ကောက်ယူခဲ့ပါသည်။

ငွေကျပ် ၇၅၆ သိန်းတန်ဖိုးရှိ ဆူဒိုအက်ဖီဒရင်းဆေးပြားများ သိမ်းဆည်းရမိ

သီပေါ ဇန်နဝါရီ ၉

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး မူးယစ်အထူးအဖွဲ့မှ ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီတွင် ဟိုပိတ်ကျေးရွာအုပ်စု ကောင်းတပ်ကျေးရွာ ကြက်ခြံအတွင်းရှိ ကြက်စာများ သိုလှောင်ထားသည့် ဂိုဒေါင်မှ အဝါရောင်ဆာလာအိတ်များအတွင်း ပလတ်စတစ်အိတ်များဖြင့် ထုပ်ပိုးထားသော ဆူဒိုအက်ဖီဒရင်း အဖြူရောင်ဆေးပြား ၃၃၀၀၀၀ ပါ ၁၀ အိတ်၊ အလေးချိန် ၃၃၀ ကီလို ဆေးပြား ၄၈၀၀၀၀ ပါတစ်အိတ်၊ အလေးချိန် ၄၈ ကီလို ၁၁ အိတ်၊ ဆေးပြား ၃၇၈၀၀၀၀ ပါအလေးချိန် ၃၇၈ ကီလိုဂရမ် ဒေသပေါက်ဈေးတစ်ပြား ငွေကျပ် ၂၀၀ နှုန်း စုစုပေါင်း ငွေကျပ် ၇၅၆ သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် စိတ်ကြွဆေးပြားများ ချက်လုပ်ရာတွင် အသုံးပြုသည့် ဆူဒိုအက်ဖီဒရင်းဆေးပြားများကို လက်ဝယ်ထားသိုလှောင်ရောင်းချသူ ကျန်ချင်ချန်း(ခ) မျိုးအောင် ၂၇ နှစ် **(အပေါ်ပုံ)** ပတ္တမြားလမ်း နယ်မြေ (၅) လားရှိုးမြို့ နေသူအား လားရှိုး အမှတ် (၂) ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(စိုင်း-သီပေါ)**

စာအုပ် စာပေ လူ့မိတ်ဆွေ

သန်းဒွေးနှင့်ရောင်းရင်းများ
(Jan-18/25, Feb-1/8/15/22)

အဆိုတော် ဟဲလေး နှင့် သူငယ်ချင်းများမှ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပြီး အထူးစည်ကားစွာကျင်းပမည်
လားရှိုးမြို့ အီလက်ထရွန်နစ် နှင့် လူသုံးကုန်ပစ္စည်းများပြပွဲကြီး
ဇန်နဝါရီလ ၂၂ မှ ၂၆ ထိ ၊ မြို့တော်ခန်းမ
ပြခန်းစုံစမ်းရန် WINNER Ph: 09 5031660, 09 5173076, 09 425022728

ဆက်သွယ်နိုင်ပါသည်
Injection

အမည်ပြောင်း

မောင်ကျော်စိုးသိန်း ၁၂/အလန(နိုင်) ၀၄၅၅၇၄(ဘ) ဦးမြတ်ထွန်းအောင်အား မောင်ကျော်စိုးသိန်း(ခ)ကျော်စိုးမိုးဟု ပြောင်းလဲခေါ်ပါရန်။
ကျော်စိုးသိန်း(ခ)ကျော်စိုးမိုး

စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

ကျွန်တော် မောင်စောရန်နောင် ၅/စကန(နိုင်)၁၉၁၄၈၄နှင့် ကျွန်မ မအေးမြတ်ဖြူ ၁၂/တမန(နိုင်)၁၀၃၈၃၀တို့သည် အကြောင်းမညီညွတ်ပါသဖြင့် ၁၇-၂-၂၀၁၁ရက်တွင် စေ့စပ်ကြောင်းလမ်းထားခြင်းကို နှစ်ဖက်သောမိဘများ သဘောတူညီချက်ဖြင့် ဖျက်သိမ်းကြောင်း အသိပေးအပ်ပါသည်။

မောင်စောရန်နောင် **မအေးမြတ်ဖြူ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် ၃၂၊ ပြည်သာယာ၂လမ်း၊ အိမ်အမှတ် ၁၉၊ မြေကွက်အမှတ် ၇၅၁၊ မြေချပါမစ် ပေ(၄၀×၆၀)မြေကွက်အမည်ပေါက် ဒေါ်ခင်ခင်(စီစီ-၀၂၀၀၂၀)မြေကွက်အကျယ်ထဲမှ မြေပေါ်ဆောက်လုပ်ထားသော အိမ်အပါအဝင် ပေ(၂၀×၆၀)အကျယ်အဝန်းအား ဆက်စပ်အရောင်းအဝယ်စာချုပ်များဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်သိန်း ၁၂/ဥကတ (နိုင်)၀၉၇၈၅၃နှင့် ဒေါ်ကြည်ကြည်အေး ၁၂/ဥကတ(နိုင်)၀၉၇၈၅၄တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်က ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်နှင်းအိခိုင်
၇/ပတန(နိုင်)၀၉၂၆၄၇
ဖုန်း-၀၉-၄၃၀၈၅၆၉၈

သရအာသ SUCCESS Language Academy 202046 256954 0949249463
Y.W.C.A

Basic English Speaking	7:30-9:00 Mon~Thurs 14 Jan; 1:00-2:30 Mon~Thurs 14 Jan; 6:00-7:30 Mon~Thurs 21 Jan; 7:30-10:30 Sat+Sun 27 Jan
Four Skills English (Basic)	10-11:30 Mon~Thurs 14,21 Jan; 3:30-5:00 Mon~Thurs 14 Jan; 1-2:30 Mon~Thurs 21 Jan
Pre-Intermediate (4-Skill English)	7:30-10:30 Sat+Sun 20 Jan; 6 - 7:30 Mon~Thurs 21 Jan; 3 - 6:00 Sat+Sun 27 Jan
Intermediate (Academic English)	3:30-5 Mon~Thurs 21 Jan; 9:30-12:30 Sat+Sun 26 Jan
Vocab Enrichment	7:30-9:00 Mon~Thurs 14 Jan; 3:30-5:00 Mon~Thurs 28 Jan
Basic Grammar	3:30-5:00 Mon~Thurs 14 Jan; 10-12:00 Sat+Sun 19 Jan
Intermediate Grammar	1:00-3:00 Sat+Sun 19 Jan
Basic Writing	3:30-5:00 Mon~Thurs 21 Jan; 7:30-9:30 Sat+Sun 27 Jan
Intermediate Writing	3:30-5:00 Mon~Thurs 4 Feb
IELTS Four Skills	1:00-4:30 Sat+Sun 19 Jan
IELTS Speaking+Vocab	10-11:30 Mon~Thurs 21 Jan
IELTS Reading+Vocab	7:30-9:30 Mon~Thurs 21 Jan
IELTS Writing+Grammar	3:00-5:00 Sat+Sun 26 Jan
IELTS Exam Practice	7:30-10:30 Sat+Sun 5 Jan

10 to 12:00 / 3 to 5:00 Mon to Thurs
Captain
Marlins English
4:30-7:30 (Sat+Sun) 9 Feb

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၂၅၀၊ မြေကွက်တည်နေရာ အမှတ် ၂၅၀၊ သီရိနန္ဒာ၂၈လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးစိုးအောင် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးစိုးအောင်နှင့် ဇနီး ဒေါ်သန်းတင်(ခ)နော်သန်းတင်ကံကျော်တို့ ကွယ်လွန်သဖြင့် ဒေါ်မေမေအောင် ၁၂/ပဘတ(နိုင်)၀၀၅၀၉၉၊ ဒေါ်ချိုချိုအောင် ၁၂/ပဘတ(နိုင်)၀၀၅၀၃၉၊ ဒေါ်ဖြူဖြူအောင် ၁၂/ပဘတ(နိုင်)၀၁၄၇၆၂၊ ဒေါ်မာမာအောင် ၁၂/ပဘတ(နိုင်)၀၀၅၀၄၀ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒိုက်ဦးမြို့၊ ဝါဆိုရပ်ကွက်၊ ကုန်သည်လမ်းနေ ဦးလှမောင်-ဒေါ်ညိုတို့၏သားကိုသိန်းမြင့် ၇/ဒဥန(နိုင်)၀၂၃၃၅၇သည် မိဘဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများစိတ်ဆင်းရဲအောင် ခွင့်မလွှတ်နိုင်သောကိစ္စများကို အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ၃၁-၁၂-၂၀၁၂ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော လူမှုရေးကိစ္စရပ်များ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များအား လုံးဝတာဝန်ယူမည် မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးလှမောင်-ဒေါ်ညို
ဝါဆိုရပ်ကွက်၊ ဒိုက်ဦးမြို့

ကျောင်းသင်ခန်းစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာ

မင်္ဂလာပါတပည့်တို့-

ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၁၃ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများနဲ့ သတိပြုရမယ့် အချက်အလက်တွေဖြစ်ပါတယ်။

ပထမဦးစွာ ဓာတုဗေဒမေးခွန်းပုံစံနဲ့ အမှတ်ခွဲဝေပေးထားမှုကို ရှင်းပြပါမယ်။ မေးခွန်းဟောင်းပုံစံအရ မေးခွန်းမှာ Section-A နဲ့ Section-B ဆိုပြီးအပိုင်း (၂) ပိုင်းပါဝင်ပါတယ်။ Section-A မှာ မေးခွန်းနံပါတ်(၁) မှ (၅)အထိ(၁) မှတ်တန်မေးခွန်း (၅)ပုဒ်ပါပါတယ်။ မေးခွန်းနံပါတ်(၁)က အမှား၊ အမှန်ရွေးတဲ့မေးခွန်း၊ မေးခွန်းနံပါတ်(၂)က ကွက်လပ်ဖြည့်၊ မေးခွန်းနံပါတ်(၃)ကတော့ အဖြေမှန်ကိုရွေးချယ်ခြင်း၊ မေးခွန်းနံပါတ် (၄)က အဖြေ မှန်တွေကို List A နဲ့ List B ယှဉ်တွဲခြင်းနဲ့၊ မေးခွန်းနံပါတ်(၅) ကတော့ Definition တွေပဲဖြစ်ပါတယ်။ နံပါတ် (၁)မှ(၄)အထိမှာ (၁)မှတ်တန် (၇)ပုဒ်စီမေးထားပြီး နံပါတ်(၅)ကတော့ (၁)မှတ်တန် Definition (၈)ခု မေးထား ပါတယ်။ ဒါကြောင့် Section-A မှာ စုစုပေါင်း (၃၆) မှတ်ဖိုး ဖြေဆိုရပါမယ်။

Section-B မှာတော့ နံပါတ် (၆) (၇) (၈) ဆိုပြီး မေးခွန်း (၃)ပုဒ် ပါပါတယ်။ နံပါတ် (၆) မှာ (၂) မှတ်တန် မေးခွန်း (၆)ပုဒ်မေးပြီး အားလုံးဖြေဆိုရမှာ ဖြစ်ပါတယ်။ နံပါတ်(၇)မှာတော့ (၄)မှတ်တန် မေးခွန်း (၈)ပုဒ် မေးပြီး (၅)ပုဒ်၊ နံပါတ်(၈)မှာတော့ (၈)မှတ်တန် (၈)ပုဒ်မေးပြီး (၄)ပုဒ်ဖြေဆိုရပါမယ်။ ဒါကြောင့် Section-B မှာ စုစုပေါင်း (၁၀၈)မှတ်ထဲက (၆၄) မှတ်ဖိုး ဖြေဆိုရပါမယ်။ စုစုပေါင်း အမှတ်(၁၀၀) ဖိုး ဖြေဆိုရပါမယ်။

မေးခွန်း(၁) မှ (၅) အထိဟာ အခန်းတိုင်းနဲ့သက်ဆိုင်တဲ့အတွက် ဒီမေးခွန်းတွေ ဖြေဆိုတဲ့အခါမှာ သတိပြုရမယ့်အချက်တွေကို ဦးစွာပြောပြပါမယ်။

မေးခွန်း (၁) အမှား၊ အမှန် ရွေးချယ်စေတဲ့မေးခွန်းမှာ အဖြေကို T (သို့) F လို့မရေးဘဲ TRUE (သို့) FALSE ဟု အပြည့်အစုံရေးမှသာ အမှတ်ပြည့်ရနိုင်မှာဖြစ်ပါတယ်။

မေးခွန်း (၂) ကွက်လပ်ဖြည့်တဲ့မေးခွန်းဖြေရာမှာ စာလုံးပေါင်းမှန်ရမယ့်အပြင် ပြည့်စုံရပါမယ်။ ဥပမာ (၁) Chlorine is a very …….. if inhaled even a small quantities. ဆိုတဲ့ မေးခွန်းရဲ့ အဖြေဟာ poisonous gas ဖြစ်ရမယ့်အစား poisonous (သို့) poison လို့ဖြေရင် မှားပါတယ်။

မေးခွန်း (၃) ရွေးချယ်တဲ့မေးခွန်းကို ဖြေဆိုတဲ့အခါ အဖြေမှန်ဟာ တစ်ခုထက်ပိုနေရင် အဖြေအားလုံးကို ဖော်ပြရပါမယ်။ ပြီးတော့ အဖြေမှန်နဲ့ အဖြေမှား နှစ်ခုတွဲမပေးရပါဘူး။

ဥပမာ (၂) - Dilution of sulphuric acid is not (endothermic, exothermic, heat absorbing) reaction. ဆိုတဲ့မေးခွန်းအတွက် endothermic နဲ့ heat absorbing လို့ဖြေမှ အမှတ်ပြည့်ရပါမယ်။

မေးခွန်း (၄) List A နဲ့ List B ယှဉ်တွဲခြင်းမေးခွန်းအတွက် ပုဒ်ခွဲနံပါတ်အပြင် စာသားများအားလုံး အပြည့်အစုံဖော်ပြဖြေဆိုရပါမယ်။ ပုဒ်ခွဲနံပါတ်အက္ခရာ (a), (b), (c)... နဲ့ ပုဒ်ခွဲ နံပါတ် (i), (ii), (iii) ... တို့ဖြင့်သာ ယှဉ်တွဲဖော်ပြမယ်ဆိုရင် အမှတ်မရနိုင်ပါဘူး။ တစ်စုံမှားတွဲရင် နောက်တစ်စုံဟာ အလိုလိုအတွဲမှားသွားနိုင်တဲ့အတွက်ကြောင့် ဖြေဆိုရာမှာ သေသေချာချာစဉ်းစားပြီးမှ ယှဉ်တွဲပေးဖို့လိုပါတယ်။

ဥပမာ(၃)

List A	List B
(a) Nitrogen dioxide (b) Aluminium ore (c) Astatine	(i) Very unstable radioactive element (ii) Reddish brown gas (iii) Bauxite

အဖြေ

List A	List B
(a) Nitrogen dioxide (b) Aluminium ore (c) Astatine	(ii) Reddish brown gas (iii) Bauxite (i) Very unstable radioactive element

မေးခွန်း (၅) မှာ ၁ မှတ်တန် Definition တွေ ၈ ပုဒ် ပါပါတယ်။ Definition ကို စာသားနဲ့ပဲ ဖြေဆိုရပါမယ်။ Chapter တိုင်းအတွက် Chapter ထဲမှ Definition တွေသာမက Glossary ထဲမှ terms တွေအားလုံးကို လေ့လာကျက်မှတ်ထားရပါမယ်။ ပြီးတော့ အကြောင်းအရာချင်းတူနေရင် Chapter ထဲကဖြစ်စေ၊ Glossary terms ထဲကဖြစ်စေ ဖြေဆိုလို့ရနိုင်ပါတယ်။ ဥပမာ (၄) - Reactants ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ The substances used in a chemical reaction are called reactants ". (OR) "The substance or substances that take part in a chemical reaction are called reactants" . လို့ ဖြေဆိုနိုင်ပါတယ်။

အခုဆက်လက်ပြီး Section-B မေးခွန်း (၆) မှ (၈) အထိ ဖြေဆိုတဲ့အခါမှာ Chapter အလိုက် သတိပြုရမယ့် အချက်တွေကိုပြောသွားပါမယ်။ ဒီ Section-B မှာ definition မေးရင် (၂)မှတ်ပေးတာကြောင့် example တွေ၊ Mathematical expression တွေပါ မေးလေ့ရှိပါတယ်။

ဥပမာ (၅) Define Lewis acids and bases by giving a suitable example.

အဖြေ Lewis acids are species which can accept an electron pair. Eg. BF_3

Lewis bases are species which can donate an electron pair. Eg. $:NH_3$

Chapter (1) The Electronic Structures of Atoms, Periodic Table and Chemical Bonds မှာတော့ element မှာပါတဲ့ p, e^-, n တွက်တာတွေ၊ အက်တမ်တွေရဲ့ Electronic structures, Complete electronic structures နဲ့ Essential electronic structures ရေးသားပုံ၊ Periodic table မှာ element တွေရဲ့ တည်နေရာရှာဖွေပုံ၊ valency ရှာပုံနဲ့ element အမျိုးအစားခွဲပုံ၊ ဒီ element တွေရဲ့ size, ionization energy, electron affinity, electronegativity, electropositivity, ionic size နှိုင်းယှဉ်ပုံနဲ့ အကြောင်းပြချက်တွေ၊ ဓာတ်စည်းအမျိုးအစားများနဲ့ ဓာတ်စည်းဖြစ်ပေါ်ပုံ၊ ပေါင်းစပ်ပုံကို e^- dot-cross formula ဖြင့်ဖော်ပြချက်၊ Ionic compoundsနဲ့ covalent compound တွေရဲ့ ဂုဏ်သတ္တိခြားနားမှုတွေ၊ Octet rule မှ သွေဖည်တဲ့ ဒြပ်ပေါင်းတွေ၊ အက်တမ်တွေရဲ့ဖွဲ့ပုံကွဲ isotopes များအကြောင်းကို ကျေကျေညက်ညက်ဖြစ်အောင် လေ့လာထားရပါမယ်။

Atom တွေရဲ့ size (သို့) ionization energy (သို့) electron affinity တို့ကို နှိုင်းယှဉ်တဲ့အခါမှာ ဒီ atom တွေရဲ့တည်နေရာကိုသိမှ ၎င်းတို့ရဲ့size ကို နှိုင်းယှဉ်နိုင်မှာဖြစ်ပါတယ်။ size ကို သိမှ nuclear attractive force ကို ခန့်မှန်းနိုင်မှာဖြစ်ပါတယ်။

ဥပမာ(၆) Explain which of the following group has the highest ionization energy.

(A) 2.8.1 (B) 2.8.5 (C) 2.8.7

အဖြေ They are in the same period 2.

Atomic size of A > B > C.

∴ C has the smallest radius.

∴ The difficulty to remove the electron from the outermost shell is C > B> A.

∴ C has the highest ionization energy.

ဒါပေမယ့် ခြွင်းချက်အနေနဲ့ atomတွေရဲ့ subshell မှာ e တစ်ဝက် (သို့) အပြည့်ဖြည့်ဝင်နေရင် တည်မြဲတဲ့အတွက် e ထွက်ဖို့မလွယ်တာကြောင့် ဒီလို atom မျိုးတွေရဲ့ အရွယ်အစားဟာ ကြီးနေသော်လည်း ionization energy ဟာ ပိုကြီးတယ်ဆိုတာ သိထားသင့်ပါတယ်။

ဥပမာ - $_4Be$ နဲ့ $_5B$ မှာ ဆိုရင် $_4Be$ က အရွယ်အစားကြီးနေပေမယ့် 2s subshell မှာ e အပြည့်ဝင်နေတဲ့အတွက် ionization energy ပိုကြီးနေရခြင်း ဖြစ်ပါတယ်။

နောက်ဥပမာတစ်ခုကတော့ $_7N$ ဟာ size ကြီးနေပေမယ့် $_7N$ ရဲ့ 2p subshell မှာ e တစ်ဝက် ဖြည့်ဝင်နေတဲ့အတွက် တည်မြဲတာကြောင့် ၎င်းရဲ့ ionization energyဟာ $_8O$ ထက် ပိုကြီးနေရခြင်းဖြစ်ပါတယ်။ electron affinity နဲ့ ပတ်သက်တဲ့ ခြွင်းချက်တစ်ခုကတော့ $_9F$ နဲ့ $_{17}Cl$ တို့မှာ ဖလိုရင်းက ကလိုရင်းထက် electron affinity ပိုငယ်နေကြောင်း တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖလိုရင်းရဲ့ အရွယ်အစားဟာ အလွန်သေးငယ် ၏တဲ့အတွက် ဝင်လာတဲ့ e ကို လက်ခံနိုင်မယ့် နေရာမရှိဘဲ မူလရှိရင်းစွဲ eနဲ့ ပြင်းထန်စွာ တွန်းကန်မှုတွေဖြစ်ပေါ်စေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

တစ်ခုလေ့လာမှတ်သားရန်မှာ Group IIIB မှာရှိတဲ့ Al ဟာ dark line နဲ့ကပ်လျက်ရှိပေမယ့် metalloid မဟုတ်ဘဲ metal ဖြစ်တယ်ဆိုတဲ့အကြောင်း၊ AlF_3 မှ Al-F bond ဟာ ionic bond ဖြစ်ပြီး $AlCl_3$ မှ Al-Cl bond ဟာ covalent bond ဖြစ်တယ်ဆိုတဲ့အကြောင်းလည်း အသိပေးလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ionic or covalent bond ဖြစ်မှုကို electronegativity ခြားနားချက်နဲ့ ဆုံးဖြတ်ပါတယ်။ electronegativity ခြားနားချက်ဟာ 1.5 ထက်ကြီးရင် ionic bond ဖြစ်ပြီး တူညီရင်(သို့)ငယ်နေရင် covalent bond ဖြစ်တယ်။ Al နဲ့ F ရဲ့ electronegativity ခြားနားချက်ဟာ 1.5 ထက်ကြီးနေလို့ ionic bond ဖြစ်ပါတယ်။

Chapter (2) The Gaseous State and Gas Laws မှာတော့ ဓာတ်ငွေ့နဲ့သက်ဆိုင်တဲ့ နိယာမများဖြစ်တဲ့ Charles' law, Boyle's law, Combination of Boyle's law & Charles' law, Gay-Lussac's law of combining volumes of gases, Avogadro's theory, Graham's law of gaseous diffusion, Dalton's law of partial pressures အပြင် Standard temperature and pressure, Molar volume of gases, Relative density အစရှိတဲ့ ဓာတ်ငွေ့ဆိုင်ရာ အသုံးအနှုန်းများကိုလည်း လေ့လာမှတ်သားရပါမယ်။ law တွေကို mathematical expression နဲ့ရေးရင် constant term တွေပါဖို့ လိုပါတယ်။ constant term မပါရင်တော့ law တွေရဲ့ အဓိပ္ပာယ်ပြောင်းလဲသွားနိုင်ပါတယ်။

ဥပမာ(၇) State Graham's law of gaseous diffusion both in words and mathematical expression.

အဖြေ At the same temperature and pressure, the rate of diffusion of a gas is inversely proportional to the square root of the density of the gas.

Mathematical expression : $r \ \alpha \ \frac{1}{\sqrt{d}}$ (at the same temperature and pressure)

r = rate of diffusion of gas; d= density of gas

Law နှင့် ပတ်သက်တဲ့ပုစ္ဆာတွေ တွက်တဲ့အခါမှာ အသုံးပြုရမယ့် gas law equation တွေကို ဖော်ပြပေးပြီး အဆင့်မကျော်ဘဲ တွက်ရပါမယ်။ unit များကိုလည်း မှန်ကန်စွာဖော်ပြရမှာဖြစ်ပြီး unit များမလိုအပ်ပါက မထည့်မိဖို့လည်း သတိထားရမှာဖြစ်ပါတယ်။

ဥပမာ(၈) A certain mass of gas occupies 954 cm^3 at 23 ºC.

At what temperature in ºC will the gas occupy 321 cm^3 under the same pressure?

Initial state

$V_1 = 954 \ cm^3$

$T_1 = 23 \ ºC + 273$

$= 296 \ K$

Final state

$V_2 = 321 \ cm^3$

$T_2 = ? \ (ºC)$

According to Charles' law,

$$\frac{V_1}{T_1} = \frac{V_2}{T_2}$$

$$T_2 = \frac{V_2 \times T_1}{V_1}$$

$$= \frac{321 \ cm^3 \times 296 \ K}{954 \ cm^3}$$

$= 99.59$ K

$= (99.59 – 273)$ ºC

$= -173.41$ ºC

Chapter (3) Stoichiometry ကတော့ ဓာတ်ပြုခြင်းမှာပါဝင်တဲ့ ဓာတ်ပစ္စည်းများရဲ့ ပမာဏတွေကို law of conservation of mass, relative masses of atoms, the concept of the mole အစရှိတဲ့ အချက်တွေ အပေါ်အခြေခံပြီး တွက်ချက်ရာမှာ Formula masses (formula weight), % composition, Mole, millimole

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

of substances, Relative molecular mass, Empirical formula, Limiting quantities, volumetric analysis နဲ့ ပတ်သက်ပြီး Molarity, Standard solution, primary standard, standardization, Acid-base titration, equivalence point, end points အစရှိတာတွေကို တစ်ခုနဲ့တစ်ခု ချိတ်ဆက်နားလည်ဖို့ လိုပါတယ်။

ဥပမာ(၉) How many grams of zinc will have to be treated with dilute hydrochloric acid to liberate 1.85 dm^3 of hydrogen at 27°C and 750 mmHg ? (Zn = 65)

$Zn + 2\,HCl \longrightarrow ZnCl_2 + H_2$

1 mol   1 mol

65 g   22.4 dm^3 at STP

Initial state   Final state

P_1 = 750 mmHg P_2 = 760 mmHg

T_1 = 27 °C + 273 = 300 K T_2 = 0°C + 273=273 K

V_1 = 1.85 dm^3 V_2 = ?

$P_1V_1/T_1 = P_2V_2/T_2$

$V_2 = (P_1V_1T_2)/(P_2T_1)$

= (750 mmHg x 1.85 dm^3 x 273 K)/(760 mmHgx300K)=1.66 dm^3 at STP

According to chemical reaction,

At STP, 1 mol of H_2 is liberated from 1 mol of Zn.

At STP, 22.4 dm^3 of H_2 is liberated from 1 mol of Zn.

∴ 1.66 dm^3 .... = 65 g x 1.66 dm^3/22.4 dm^3

= 4.817 g of Zn.

(OR)

At STP, 22.4 dm^3 of H_2 is equal to 1 mol of H_2.

∴ 1.66 dm^3 .... = 1 mol x 1.66 dm^3/22.4 dm^3

= 0.0741 mol of H_2.

According to chemical reaction,

At STP, 1 mol of H_2 is liberated from 1 mol of Zn.

∴ 0.0741 mol .... = 0.0741 mol of Zn.

mass of zinc = mole of zinc x atomic mass of zinc in g mol^{-1}

= 0.0741 mol x 65 g mol^{-1}

= 4.817 g of Zn.

Limiting quantities နဲ့ ပတ်သက်ပြီး အနည်းငယ်ရှင်းပြလိုပါတယ်။ ဓာတ်ပြုပစ္စည်းများအနက် ဓာတ်ပြုညီမျှခြင်းအရ လိုအပ်တာထက်နည်းပါးစွာပါဝင်နေတဲ့ပစ္စည်းကို Limiting substance လို့ ခေါ်ပါတယ်။ ဖြစ်ပေါ်လာတဲ့ ဓာတ်ဖြစ်ပစ္စည်းပမာဏဟာ Limiting substance ပေါ်မူတည်နေပါတယ်။

ဥပမာ (၁၀) How many grams of sulphur would be precipitated on mixing 5 dm^3 of sulphur dioxide with 12 dm^3 of hydrogen sulphide if both gases were originally at 756 mmHg pressure and 25°C? (S = 32, H=1, O=16)

ဒီပုစ္ဆာမှာ H_2S က 10 dm^3 သာ လိုပေမယ့် 12 dm^3 ပေးထားလို့ (excess quantity) ဖြစ်တယ်။ SO_2 က limiting quantity ဖြစ်တယ်။ ဒါကြောင့် product sulphur ရဲ့ ပမာဏဟာ SO_2 5 dm^3 ပေါ်မှာသာ မူတည်မယ်။ သို့မဟုတ် H_2S 10 dm^3 ကိုယူပြီးတော့လည်း တွက်နိုင်ပါတယ်။

အဖြေ $2\,H_2S(g) + SO_2\,(g) \rightarrow 2H_2O(l) + 3S$

2 mol   1 mol   3 mol

2 vol   1 vol

10 dm^3 5 dm^3

At STP,

V_1 = 5 dm^3 V_2 = ?

P_1 = 756 mm Hg P_2 = 760 mmHg

T_1 = 25 + 273 = 298 K T_2 = 273 K

$$\frac{P_1V_1}{T_1} = \frac{P_2V_2}{T_2}$$

$$V_2 = \frac{P_1V_1T_2}{T_1P_2}$$

$$V_2 = \frac{756\ mmHg \times 5\ dm^3 \times 273K}{760\ mmHg \times 298K} = 4.5564\ dm^3 \text{ at STP}$$

∴ Volume of SO_2 = 4.5564 dm^3 at STP

$$\therefore \text{mol of } SO_2 = \frac{4.5564\ dm^3}{22.4\ dm^3\ mol^{-1}} = 0.2034\ mol$$

1 mol of SO_2 on complete reaction with H_2S deposits 3 mol of S

0.2034 mol …………………… 0.2034 × 3

= 0.6102 mol of sulphur

= 0.6102 mol × 32 g mol^{-1} = 19.53 g of sulphur

Chapter (4) Electrolysis ကတော့ ပျော်ရည်အခြေအနေအမျိုးမျိုးမှာ လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းရဲ့ အသုံးပြုပုံကို လေ့လာတဲ့အကြောင်းအရာ ဖြစ်ပါတယ်။ ဒီအခန်းမှာ Conductors, non-conductors (insulators), electrolytes, non-electrolytes, electrolysis, electroplating, metallic lattice, အစရှိတဲ့ ဆိုင်ရာအသုံးအနှုန်းတွေအပြင် ionic theory ကိုလည်း သိရှိထားဖို့လိုပါတယ်။ နောက်ပြီး ပျော်ရည်အခြေအနေအမျိုးမျိုးနဲ့ အသုံးပြုတဲ့ electrodes ပေါ်မူတည်ပြီး ဖြစ်ပေါ်လာတဲ့ ဓာတ်ဖြစ်ပစ္စည်းများဟာ တူညီကြသလား ဆိုတာ၊ electrochemical series မှာရှိတဲ့ သတ္တု (သို့) အုပ်စုများရဲ့ တည်နေရာ၊ လျှပ်စီးလိုက်ပစ္စည်းများရဲ့ ပါဝင်ကိန်း၊ လျှပ်ခေါင်းတိုင်များရဲ့ သဘာဝတို့ဟာ လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းအပေါ် လွှမ်းမိုးနေတဲ့အချက်များဖြစ်တယ်ဆိုတာတွေကို နားလည်သဘောပေါက်အောင် လေ့လာမှတ်သားဖို့လိုပါတယ်။

Electrolysis ဆိုင်ရာပုစ္ဆာတွေမှာ Faraday's First and Second Laws ကိုအသုံးပြုပြီး cathode ပေါ်မှာ ကပ်တင်တဲ့သတ္တုပမာဏ၊ relative atomic mass, စီးဆင်းတဲ့လျှပ်စစ်ပမာဏ အစရှိတဲ့ တွက်ချက်မှုတွေ ပါဝင်ပါတယ်။ Electrolysis ကို လက်တွေ့အားဖြင့် electroplating, purification of crude metals တွေမှာ အသုံးပြုကြကြောင်းနဲ့ electroplating ကို ပြုလုပ်ရတဲ့အကြောင်းရင်းတွေကိုလည်း သိရှိထားဖို့လိုပါတယ်။ ဒီလိုလျှပ်စစ်ဖြိုခွဲခြင်းတွေကို electroplating လုပ်ငန်းများဖြစ်တဲ့ ငွေရည်စိမ်ခြင်း (silver plating)နဲ့ ခရိုမီယမ်စိမ်ခြင်း (chromium plating) တွေမှာသုံးပါတယ်။

ဥပမာ(၁၁) An electric current is passed in turn through solutions of silver nitrate and copper (II) sulphate in series. If 5.4 g of silver were deposited at the cathode of the first cell, calculate the mass of copper deposited in the second cell. (Ag=108, Cu=63, IF = 96500 C)

အဖြေ Mass of silver deposited = 5.4 g

Mass of copper deposited = ?

At the first cell, $Ag^+ + e \rightarrow Ag$

1 mol   1 mol

1 F   108 g

96500 C   108 g

108 g of Ag will be deposited when 96500 C of electricity are passed.

5.4 g of Ag ………………….. ? = 96500 C x 5.4 g/108 g

= 4825 C

At the second cell, $Cu^{2+} + 2e \rightarrow Cu$

2 mol   1 mol

2 F   63 g

2 x 96500 C   63 g

When 2x96500C of electricity are passed, 63 g of copper will be deposited.

When 4825 C ………….. = 63g x 4825 C/ 2x96500C

= 1.575 g of copper

ဥပမာ (၁၂) Give the cathode and anode reactions for the electrolysis of aqueous sodium sulphate solution using platinum electrode.

အဖြေ For the electrolysis of aqueous sodium sulphate solution using platinum electrode, the reaction at the cathode is:

$2\,H^+ + 2\,e \longrightarrow H_2$ (or) $H^+ + e \longrightarrow H$

$H + H \longrightarrow H_2$

the reaction at anode is:

$4\,OH^- \rightarrow 2H_2O + O_2 + 4\,e$ (or)

$OH^- \rightarrow e + OH$, $OH + OH \longrightarrow H_2O + O$

$O + O \rightarrow O_2$

Chapter (5) Oxidation and Reduction အခန်းမှာ လေ့လာရမယ့်အပိုင်းကတော့ Oxidation နဲ့ Reduction ၊ oxidation numbers အဆင့်ဆင့်တွက်ချက်မှု၊ oxidizing agents နဲ့ reducing agents ခွဲခြားမှု၊ oxidation-reduction ဓာတ်ပြုညီမျှခြင်းများညှိခြင်းတွေပဲ ဖြစ်ပါတယ်။ ဓာတ်တိုးကိန်းတွေမှာ (+) (-) လက္ခဏာ ဖော်ပြချက်ပါဖို့လိုပါတယ်။

ဥပမာ(၁၃) What are the oxidation numbers of chlorine in $NaClO_4$ and $KClO_2$?

အဖြေ $NaClO_4$ = 0		$KClO_2$	= 0
Na + Cl + 4(O) = 0		K + Cl + 2(O)	= 0
(+1)+ (Cl)+ 4(-2) = 0		(+1) + (Cl) +2(-2)	= 0
Cl = +7			Cl = + 3
Oxidation number of Cl = +7		Oxidation number of Cl = +3	

Oxidation-Reduction ဓာတ်ပြုညီမျှခြင်းများညှိတဲ့အခါမှာ e အတိုးအလျော့ရှိတဲ့ ဓာတ်ပြုပစ္စည်းများကို သိရှိမှသာ ဓာတ်တိုးပစ္စည်း ဓာတ်လျှော့ပစ္စည်းတို့ကို ခွဲခြားတတ်မှာ ဖြစ်ပါတယ်။

ဥပမာ (၁၄)



ZnO is reduced to Zn. Therefore ZnO is oxidizing agent.

C is oxidized to CO. Therefore C is reducing agent.

ဓာတ်တိုး-ဓာတ်လျှော့ညီမျှခြင်းညှိရာမှာ ညှိပုံ(၂) မျိုး (half reaction method & oxidation number method)ရှိပါတယ်။ မေးခွန်းပေါ်မူတည်၍ သက်ဆိုင်ရာနည်းသုံးပြီး အဆင့်ဆင့် ဖြေဆိုနိုင်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။

ဥပမာ (၁၅) $Cu^{2+} + I^- \longrightarrow CuI + I_2$



$2Cu^{2+} + 2\,I^- \longrightarrow 2\,CuI + I_2$

$2\,Cu^{2+} + 4\,I^- \longrightarrow 2\,CuI + I_2$

(OR)

$Cu^{2+} + I^-$ $Cu^+ + I_2$ (omit I^- which does not change in the reaction)

eq^n (i)	$2\,I^-$	⟶	$I_2 + 2\,\bar{e}$
eq^n (ii)	$Cu^{2+} + \bar{e}$	⟶	Cu^+
eq^n (i) × 1 ⇒	$2\,I^-$	⟶	$I_2 + 2\,\bar{e}$
eq^n (ii) × 2 ⇒	$2\,Cu^{2+} + 2\,\bar{e}$	⟶	$2\,Cu^+$
(i) + (ii) ⇒	$2\,Cu^{2+} + 2\,I^-$	⟶	$2\,Cu^+ + I_2$

ဓာတ်တိုးကိန်းများ၊ ဓာတ်ပြုညီမျှခြင်းများကို ခဲတံဖြင့်ဖြေဆိုရင် အမှတ်မရနိုင်ဘူးဆိုတာ သတိထားရပါမယ်။

Chapter (6) Rate of Reactions and Equilibria အခန်းမှာတော့ ဓာတ်ပြုနှုန်း၊ ဓာတ်ပြုမှုခြေ ဓာတ်ပြုနှုန်းကို လွှမ်းမိုးတဲ့အချက် (၆)ချက်ဖြစ်တဲ့ concentration of reactants, pressure, temperature, catalyst, radiation and surface area of the reactants, ဓာတ်ပြုမျှခြေအပေါ်သက်ရောက်တဲ့ အချက် (၃)ချက် ဖြစ်တဲ့ pressure, temperature, concentrationတို့နဲ့ ပတ်သက်တဲ့ Le Chatelier's principle တို့ကို သိထားရပါမယ်။

ဓာတုမျှခြေတစ်ခုမှာ Pressure effect ကို အငွေ့အခြေအနေမှာရှိတဲ့ ဓာတ်ပစ္စည်းများအတွက်သာ စဉ်းစားရမှာဖြစ်ပြီး အခဲနဲ့ အရည်အခြေအနေဆိုရင် Pressure effect မရှိပါဘူး။ ဖိအားသက်ရောက်မှုဆိုင်ရာ ဓာတုမျှခြေတွေမှာ Physical states များဖော်ပြဖို့လိုအပ်ပါတယ်။ ဓာတ်ပြုပစ္စည်းများရဲ့ Total volume နဲ့ ဓာတ်ဖြစ်ပစ္စည်းများရဲ့ Total volume တူညီနေလျှင်လည်း Pressure effect မရှိကြောင်း သိရှိထားရပါမယ်။ အပူစုပ် (သို့) အပူထုတ် ဓာတ်ပြုမျှခြေအပေါ်မှာဆိုရင်တော့ အပူချိန်သက်ရောက်မှုရှိတယ်ဆိုတာ သိထားရပါမယ်။

ဥပမာ (၁၆) Using Le Chatelier's Principle, predict the effect of the increasing temperature of the following equilibrium system.

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

ကျောင်းသင်ခန်းစာ

စာမျက်နှာ ၁၆ မှ

$$N_{2(g)} + 3\,H_{2\,(g)} \rightleftharpoons 2\,NH_{3(g)} + \text{heat}$$

အဖြေ

$$N_2(g) + 3\,H_2\,(g) \underset{\text{Endothermic reaction}}{\overset{\text{Exothermic reaction}}{\rightleftharpoons}} 2\,NH_3\,(g)$$

Forward reaction is exothermic (or) heat evolving reaction and reverse reaction is endothermic (or) heat absorbing reaction.

According to Le Chatelier's principle, increasing the temperature favours endothermic reaction.
